


Scanned with ACE Scanner



Scanned with ACE Scanner

# တက္ကသိုလ် သီဟအောင်

# ပဟေဠိဆန်တဲ့လူ

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

( ဒုတိယပိုင်း ဇာတ်သိမ်း )

လရောင်ဖြာကျနေသည်။

အေးမြသော ညလေများ၏ သုန်သုန်ညင်းညင်း တိုက်ခတ်နေပြီး ညမွှေးပန်းများ၏ ဝန်းကျင်တစ်ခုလုံး ကြိုင်လှိုင်င်းပျံ့နေလေသည်။

[illegible]းတောရွာ ဓလေ့ည၏ သဘာဝ အလှ တရားများကို တိုင်းသား တွေ့မြင်နေရလေသည်။

ဗရွှင်ကောင်းသည် နှေးကွေးလေးလံသော ခြေလှမ်း ဖြည်း လှမ်းလာရင်း အရွက်ဖားဖားကျနေသော သစ်ပင် တစ်ပင်အနီးသို့ ရောက်လျှင် ခြေလှမ်း ရပ်တန့်လိုက်လေ သည်။

ခင်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့ပြီဖြစ်သော ဇာတိရွာကလေး
သို့ သမင်လည်ပြန် ကြည့်လိုက်မိသည်။
သူ၏မျက်လုံးများ ရီဝေနေပါသည်။
သူ၏မိခင်သည် လည်းကောင်း၊ သူ၏ ဖခင်သည် လည်း
ကောင်း၊ သေဆုံးသွားခဲ့ကြပြီ ဖြစ်သည်။
သူ့အတွက် သံယောဇဉ်တွယ်တာစရာ မရှိတော့ပါ။
ဇာတိရွာကလေးကို ကျောခိုင်းကာ သိုင်းလောကသို့ သူ
တော့မည် ဖြစ်ပေသည်။
သူ၏မိခင် သေဆုံးသွားစေခဲ့ရသောအကြောင်းရင်းကို ရှာ
ဖွေဖော်ထုတ်ရမည် ဖြစ်သည်။
ရွှေခင်ကောင်း သက်ပြင်းချလိုက်သည်။
ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်သည်။
ထိုစဉ်...
'ရွှေခင်ကောင်း'
ခေါ်သံတစ်ချက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရသဖြင့်
ရွှေခင်ကောင်း ခြေလှမ်းရပ်သွားပြန်သည်။
ခေါ်သံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်သောအခါ
မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို မြင်လိုက်ရ
သည်။
ရွှေခင်ကောင်း မျက်မှောင်ကြုတ်သွားပြီး...
'မိုးနဂါးကိုကော ချုပ်ပါလား'
ဟု ရေရွတ်လိုက်လေသည်။

မိုးနဂါးကိုယ်ချုပ်က ချူ.အာမ၊ ဟန့်ဘား ပိုက်ခြင်း ဖြစ်လေသည်။

ရှောင်မတောင်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

မိုးနဂါးကိုယ်ချုပ်ကြီးကို ဂါရဝပြုပါတယ် ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

လုံကွက ပြုံး လိုက်သည်။

'မိုးနဂါးနိုက်ကောဆယ်မှာ မင်းရဲ့အဘအား ပြောင်းလဲသွားတာကို တော့ ငါ အားရှုံးဘင်ပါတယ်ကွယ်၊ မင်းထွက်သွားတော့မယ်ဆိုတာသိလို့ ကျုပ်က ပြောစရာရှိနေတာနဲ့ အမှီလာခဲ့တာပါ'

ရှောင်မတောင်က....

'ဟုတ်ကဲ့....ပြောပါ ခင်ဗျာ'

လိုကွေ့က....

'မင်း....ဒီကထွက်သွားဖို့ ဆုံးဖြတ်လိုက်တာဟာ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ ကျုပ်ကို အရင်ပြောပြစေချင်ပါတယ်'

ရှောင်မတောင်က....

'ဟုတ်ကဲ့၊ ကျွန်တော် ဒီကထွက်သွားဖို့ ဆုံးဖြတ်လိုက်တာဟာ အကြောင်းနှစ်ခုရှိပါတယ်၊ ပထမအကြောင်းကတော့ လွန်ခဲ့တဲ့ဆယ်နှစ်က ဖြစ်ရပ်တွေကို ပြန်ကြည့်လိုက်ရင် ကျွန်တော်ကိုယ်တိုင် မှန်တယ်ထင်ပြီး လုပ်ခဲ့တာတွေဟာ အမှား

ကြီးမှာနေပြီး ဘယ်သူကမှ လက်မနိုင်အောင် ဖြစ်ခဲ့ရတာ ဆိုတာ သိမြင်လာခဲ့လို့ပါပဲ'

ဟု ပြောပြလိုက်လေသည်။

လုံးကွက သက်ပြင်းချလိုက်လေသည်။

'လူငယ်တစ်ယောက်အနေနဲ့ အတွေ့အကြုံ နုနယ်သေးလို့ မမှားသင့်တဲ့ အမှား မှားခဲ့ရတာကို ကျုပ် နားလည်ပါတယ်။ ဒီကိစ္စတွေကို မေ့ပစ်နိုင်အောင် ကြိုးစားစေချင်တယ်။ ဒါမှ မဟုတ်ရင် မင်းရဲ့ရင်ထဲမှာ အစွဲအလန်းကြီးတစ်ခု ဖြစ်နေပြီး တစ်ချိန်လုံး စိတ်ဖိစီးမှုဒဏ်ကို ခံနေရလိမ့်မယ်။ ကျုပ်ကတော့ မင်းအပေါ် ဘယ်လိုမှ သဘောမထားပါဘူး။ ခွင့်လွှတ်ပြီး သားပါကွယ်'

ရှောင်ကောင်း စိတ်မကောင်းဖြစ်သွားလေသည်။

သားတစ်ယောက် ဆုံးရှုံးလိုက်ရသည့်တိုင် အပြစ်မယူဘဲ နားလည်ခွင့်လွှတ်နိုင်သည့် လုံးကွ၏ ကြီးမြတ်သောစိတ်ထားကိုလည်း ချီးကျူးမိလိုက်လေသည်။

လုံးကွက....

'ဒုတိယအချက်ကို ပြောပြပါဦး'

ဟု မေးလေသည်။

ရှောင်ကောင်းက....

'ဒုတိယအချက်ကတော့ ကျွန်တော့်အဖေရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ပါပဲ'၊

လုံးကွက....

'ကျုပ်ကလဲ ဒီကိစ္စကို အသေးအနက်ထားပြီးမေးမြန်းချင်လို့ လာခဲ့တာပါ'

'ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ'

'မင်းရဲ့ အဖေ နာမည် ရှောင်ဖေးဆိုတာ မဖြစ်နိုင်ဘူးလို့ ကျုပ် ထင်ပါတယ်'

'ဗျာ'

ရှောင်ကောင်း တအံ့တသြဖြစ်သွားလေသည်။

လုံးကွတ....

'မင်းအဖေသင်ပေးတဲ့ သိုင်းပညာနဲ့ မင်းဟာ မိုးနဂါး ဂိုဏ်း ဖရိုဖရဲဖြစ်အောင် လုပ်နိုင်ခဲ့မယ်ဆိုရင် မင်းအဖေရဲ့သိုင်း ပညာအဆင့် ဘယ်လောက်ရှိမလဲဆိုတာ တွေးကြည့်လို့ ရပါ တယ်'

ရှောင်ကောင်း စိတ်ဝင်စားသွားသည်။

သူ၏ဖခင်သည် မည်သို့သောလူစားမျိုး ဖြစ်ပါသနည်း။

အဘယ်ကြောင့် ထိပ်သီးသိုင်းပညာရှင်များ ကတ်ခမြောက် ထားရပါသနည်း။

ယိုကျားကျွမ်းဆိုသည့် ကြေးစားအဖွဲ့အစည်းနှင့် မည် သို့ပတ်သက်နေပါသနည်း။

သူ၏ဖခင်သည် ပဓောဟဦးဆန်သူတစ်ယောက် ဖြစ်နေပါ တော့သည်။

လုံးကွတ ဆက်ပြောလိုက်လေသည်။

'သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားတွေထဲမှာ ရှောင်ဖေး ဆိုတဲ့နာမည်ကို ကျုပ်မကြားမိဘူး။ ကျုပ်မသိလို့ထင်လို့လား

ဆိုပြီး လိုက်ရုံစမ်းကြည့်ခဲ့သေးတယ်၊ ကျုပ်တို့ မကြားဖူးတဲ့သူ တွေ အများကြီး ရှိနေတယ်'

ရှောင်ကောင်းက....

'ခင်ဗျားပြောတဲ့ အကြောင်းအမျိုးမျိုးကြောင့် သိုင်းပညာ တတ်ခဲ့မယ့် သိုင်းလောကမှာ မကျော်ကြားဘဲ ရှက်ပုန်းသီး လိုနေခဲ့တာလဲ ဖြစ်နိုင်ပါတယ် ခင်ဗျာ'

လုံကွေ့ ခေါင်းညိတ်လိုက်လေသည်။

'ခင်ဗျားပြောတာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့်...'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲခင်ဗျာ'

ဟု မေးလိုက်လေသည်။

လုံကွေ့မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

ရှောင်ကောင်းအား စိုက်ကြည့်လိုက်ပြီး....

'ကျုပ်ပြောမှာ ကျုပ်ကို စိတ်မဆိုးစေချင်ဘူး'

ရှောင်ကောင်း ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူး ခင်ဗျာ၊ ပြောစရာရှိတာကို ပြောနိုင်ပါ တယ်'

'ကောင်းပြီ'

လုံကွေ့သည် အားယူလိုက်ပြီး....

'သိုင်းလောကမှာ ထုံးစံအရဆိုတော့ ထိပ်သီးသိုင်းပညာရှင် တွေ တတ်မြောက်ထားပြီး၊ ကိုယ့်ရဲ့နာမည်ကို မဖော်ထုတ်ဘဲ ရှက်ပုန်းသီးလိုနေတဲ့လူဟာ အဖြူရောင်သိုင်းသမားမဟုတ်ဘဲ အနက်ရောင်သိုင်းသမားတွေ ဖြစ်နေတတ်လို့ပါ'

Scanned with ACE Scanner

ဟု ပြောလိုက်လေသည်။

ရွှေခင်ကောင်းမျက်နှာပျက်သွား၏။

သူ၏ဖခင်သည် လူကောင်းမဟုတ်ဘဲ လူဆိုးတစ်ယောက် ဖြစ်ရမည်ဟု လူကြီးက ယူဆနေသည်မဟုတ်ပါလား။

လူကြီးက....

'မင်းရဲ့အဖေဟာ လူကောင်းတစ်ယောက် ဖြစ်ရိုးမှန်ရင် နာမည်ဖျောက်ပြီး ဇာတ်မြှုပ်နေစရာမလိုဘူး၊ ပေါ်ပေါ်လွင်လွင် နေသင့်တယ်၊ သူ့ရဲ့ပညာစွမ်းရည် သိုင်းလောကသားတွေက သူ့ကိုကြည်ညိုလေးစားကြလိမ့်မယ်၊ အင်း....ကျုပ်ထင်တယ်'

**လူကြီးက** စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ရွှေခင်ကောင်းအား စိုက်ကြည့်လိုက်ပြီးမှ....

'သူသာ သိုင်းလောကမှာ ပြောင်ကျကျနေခဲ့မယ်ဆိုရင် သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမား ဆယ်ယောက်ထဲမှာ စာရင်းဝင်ဖြစ်နေမှာ သေချာတယ်၊ ဒါတောင် မင်း အဖေ ဆက်ခံထားတဲ့ ပညာကိုကြည့်ပြီး ပြောရတာနော်၊ သူ့ကိုသာ ကျုပ်တွေ့ခဲ့ရမယ်ဆိုရင် ဒီထက်ပိုပြီး တိတိကျကျ ပြောနိုင်မှာပဲ'

ရွှေခင်ကောင်းက....

'ကျွန်တော့်အဖေဟာ အကယ်၍ ထိပ်သီးသိုင်းသမားကြီး တစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင် ဘာကြောင့် ကျေးရွာလေး တစ်ရွာမှာ မထင်မရှားလာပြီး ဇာတ်မြှုပ်နေရတာလဲ'

လူကြီးက....

Scanned with ACE Scanner

'လူ့မှာ လျှို့ဝှက်ချက်တစ်ခုရှိနေသည်ဆိုတာ သေချာတယ်၊ သူဟာ အနက်ရောင်သိုင်းလောက ထိပ်သီးတွေ ဘယ်နှယောက် ရှိသလဲ၊ သူတို့အကြောင်းကို စုံစမ်းလိုက်ရင် အဖြေပေါ်လာမှာပဲ'

လုံးကွက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အနက်ရောင်ထိပ်သီးတွေထဲက သိုင်းလောကမှာ ကျင်လည်ကျက်စားခြင်း မပြုတော့ဘဲ ဇာတ်မြုပ်သွားတာ၊ ရုတ်တရက် ပျောက်ကွယ်သွားတာ ဘယ်သူရှိသလဲလို့ စုံစမ်းလိုက်ရင် မင်းရဲ့အဖေ ဘယ်သူဘယ်ဝါဆိုတာ ပေါ်ပေါက်လာမှာပဲ၊ ဒီလိုတော့မိတာကြောင့် ကျုပ်က ကြိုးစားကြည့်ခဲ့ပါသေးတယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ အနက်ရောင် သိုင်းလောကနဲ့ အတော်လေး အလှမ်းကွာနေတယ်၊ တိကျတဲ့အဖြေကို လိုချင်တယ်ဆိုရင်တော့ အနက်ရောင်သိုင်းလောကထဲကို ကိုယ်တိုင်ကိုယ်ကျ ထိုးဖောက်ဝင်ပြီး စုံစမ်းကြည့်မှဖြစ်မယ်'

ဟု ရှင်းပြလေသည်။

ရွှောင်ကောင်း ချင်တော့လိုက်သည်။

'စိတ်ချပါခင်ဗျာ၊ ကျွန်တော်အစွမ်းကုန်ကြိုးစား ဖော်ထုတ်သွားပါမယ်'

လုံးကွက....

'ကောင်းပြီ၊ မင်းအဖေရဲ့အကြောင်းကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီဆိုပါတော့၊ မင်း ဘာဆက်လုပ်မလဲ'

'ဗျာ'

မမျှော်လင့်ခဲ့သော မေးခွန်းကြောင့် ရှောင်ကောင်း ငိုင်သွားပြီး အဖြေမပေးနိုင်အောင် ဖြစ်သွားရလေသည်။

လုံကွေက....

'မင်းအနေနဲ့ အဓိပ္ပာယ်ရှိတာ တစ်ခုခုလုပ်သင့်တယ်လို့တော့ ကျုပ် ယူဆမိတယ်'

ရှောင်ကောင်းက....

'ကျွန်....ကျွန်တော်'

'မင်းရဲ့အဖေဟာ အနုကြမ်းရောင် သိုင်းသမားတစ်ယောက် ဖြစ်ခဲ့တယ်ဆိုပါတော့၊ ခုချိန်မှာ သူသေဆုံးသွားခဲ့ပြီး သူ့အသက်ရှင်သန်နေစဉ်က အပြစ်တွေပြုလုပ်ခဲ့မိမှာပဲ၊ ဒီအပြစ်ကြွေးတွေကို သားတစ်ယောက်အနေနဲ့ မင်းမပေးဆပ်သင့်ဘူးလား'

လုံကွေသည် ရှောင်ကောင်းအား လမ်းကောင်းလမ်းမှန်သို့ တွန်းတင်ပေးနေခြင်း ဖြစ်လေသည်။

ထိုအချက်ကို ရှောင်ကောင်း နားလည်လိုက်သည်။

သူသည် လူဆိုးတစ်ယောက်အဖြစ် ဆယ်နှစ်လုံးလုံး အကျဉ်းကျခံခဲ့ပြီး ဖြစ်ပါသည်။

ဆိုးသွမ်းမည်ဆိုလျှင် ဆက်လက်ဆိုးသွမ်းသွားဖို့ အလွန်လွယ်သည့် အခြေအနေရှိလေသည်။

အသိတရားရကာ နောင်တရပြီဆိုလျှင် လူကောင်းတစ်ယောက် ဖြစ်လာပေမည်။

လိုခကျွန်သည် ချောင်ကောင်းအား လွှဲကောင်းတစ်ယောက် ဖြစ်လာစေလိုသည့် စေတနာမှာ ချိုးကျူးစေခဲ့ကောင်းလှေ့ပ ပျောက်သွားသည်။

ချောင်ကောင်း၏ရင်ထဲ၌ ခေါင်းမပြုနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာနေသည်။

ရုတ်တရက်...

လိုခကျွန်၏ရှေ့တွင် ဓားတောက်ချိုပိုက်လေတော့သည်။

## ခြေရာ ကောက် ခြင်း။

ချန်ကျန်းလွင်ပြင်....

ချန်ကျန်းလွင်ပြင်သည် သိုင်းလောကတွင် ထင်ရှားသော အရပ်ဒေသတစ်ခု ဖြစ်သည်။

ငါးနှစ်တစ်ကြိမ် သိုင်းပြိုင်ပွဲကျင်းပခြင်းကြောင့် ထင်ရှားခြင်း ဖြစ်သည်။

သိုင်းပြိုင်ပွဲကို ချန်ကျန်းဒေသတွင် ထင်ရှားသော သိုင်းဂိုဏ်းကြီး ငါးဂိုဏ်းမှ တာဝန်ယူကာ ကျင်းပပေးခြင်း ဖြစ်သည်။

ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ လူငယ်လူရွယ်များ၊ သိုင်းပညာရပ်တွင် စိတ်ဝင်စားလာစေရန်နှင့် မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ဖြစ်သည်။

သိုင်းပြိုင်ပွဲတွင် မျိုးဆက်သစ် လူငယ် လူရွယ်များကိုသာ ယှဉ်ပြိုင်ခွင့်ပြုပြီး နာမည်ရပြီးသော သိုင်းသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့် မပြုချေ။

ပြိုင်ပွဲတွင် ဆုရသူများအား ဆုကြေးငွေ ထိုက်ထိုက် တန်တန် ချီးမြှင့်သလို၊ ချန်ကျန်း၊ သိုင်းဝါဂိုဏ်းတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်သည့် အခွင့်အရေးများ ရရှိမည် ဖြစ်လေသည်။

တိုးတက်ကြီးပွားလိုသော မျှော်လင့်ချက်၊ ရည်ရွယ်ချက်ကြီးမားသော လူငယ်လူရွယ်များသည် ချန်ကျန်းသိုင်းပြိုင်ပွဲကို အလွတ်မခံဘဲ ပါဝင်ယှဉ်ပြိုင်ရန် ရှိကြလေသည်။

အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော ပြိုင်ပွဲဝင်များ၊ ပွဲကြည့်ပရိသတ်များ၊ ဧည့်သည်များ၊ တာဝန်ရှိသူများနှင့် စည်ကားသိုက်မြိုက်နေတတ်လေသည်။

ချန်ကျန်းသိုင်းဂိုဏ်းကြီး၏ ငါးဂိုဏ်းမှလည်း အရည်အချင်းရှိသော၊ အလားအလာကောင်းသော လူငယ် လူရွယ်များအား မိမိတို့၏ ဂိုဏ်းတွင်-ဝင်ရောက်တာဝန်ထမ်းဆောင်ရန်အလို့ငှာ ကြိုးစားလေ့ရှိကြသည်။

Scanned with ACE Scanner

တို့ကြောင့်....

ချန်ကျန်းသိုင်းပြိုင်ပွဲသည် မျိုးဆက်သစ် လူငယ် လူရွယ်တို့၏ ပြိုင်ပွဲဖြစ်စေသင့်သည်၊ အကယ်၍ ပွဲကြီးပွဲကောင်းတစ်ခုအဖြစ် ရှိမပေတော့သည်။

ချန်ကျန်းသိုင်းပြိုင်ပွဲ။

ချန်ကျန်းလွင်ပြင်၌ သိုင်းပြိုင်ပွဲကျင်းပခဲ့သည်မှာ သုံးရက် ရှိသွားပြီ ဖြစ်လေသည်။

ပြိုင်ပွဲသည် ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ နှစ်ရက် သာ ကျန်တော့မည်အချိန်တွင် ရှောင်ကောင်း ရောက်ရှိလာ ခြင်း ဖြစ်ပေသတည်း။

ရှောင်ကောင်းက ဇာဟိရွာကလေးမှ ထွက်လာခဲ့ပြီး ချန် ကျန်း သိုင်းပြိုင်ပွဲသို့ လာခဲ့သောအခါ အသက် ... နှစ်

ဖခင်ဖြစ်သူ၏ လျှို့ဝှက်ချက်ကိုဖော်ထုတ်ရန် တမ်းတခဲ့ သော နည်းလမ်းသာရှိသည် မိုးနဂါးကိုတော်းချုပ် လူမကြွက ပြော ပြခဲ့လေသည်။

လိုက်ကူနည်းလမ်းမှာ ရှောင်ကောင်း ... အနေနှင့် သိုင်း လောကသို့သွားပြီး သူ၏ပညာကို သိုင်းလောကသားများ ရှေ့တွင် ဖော်ထုတ်ပြသရန် ဖြစ်လေသည်။

ရှောင်ကောင်း၏ ထူးခြားသော သိုင်းပညာကို တွေ့မြင် သွားကြမည်ဆိုပါလျှင် သိုင်းလောကသားတို့က စိတ်ဝင် စားလာကြလေသည်။

ရှောင်ကောင်း၏ ပညာကို သိထားသူများ ပေါ်ထွက်လာ နိုင်သည်။

ထိုသူများသည် ရှောင်ကောင်း၏ပညာမှာ မည်သို့သော ပညာရပ်မျိုးဖြစ်ကြောင်း သိခဲ့လျှင် ရှောင်ကောင်း၏ ဖခင် ကိုလည်း သိရပေမည်။

ထိုလူများနှင့် တွေ့ရပြီဆိုလျှင် ဖခင်ဖြစ်သူ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်မည် မဟုတ်ပါလား။

တိုက်ကျားကျွမ်းဟု အမည်ခံယူထားသော ဒုစရိုက်အဖွဲ့အစည်းသည်လည်း ချောင်ကောင်းအား မျက်လုံးဒေါက်ထောက် ကြည့်လာကြမည်။

ပတ်သတ်ဆက်နွှယ်လာနိုင်သည်။

ထိုသို့သော မျှော်လင့်ချက်များဖြင့် ချန်ကျန်းသိုင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် လုံ့ကျွကာ တိုက်တွန်းခဲ့ခြင်း ဖြစ်ပါတော့သည်။

ချန်ကျန်းပြိုင်ပွဲသို့ ရောက်သည်နှင့် ပြိုင်ပွဲဝင်မည့်အကြောင်း ချက်ချင်းသွားပြီး စာရင်းပေးသွင်းသည်။

ဤတွင်....

မြိုင်ပွဲကျင်းပရေးတာဝန်ခံများအနက် ရွှေလှိုင်ကိုက်မှ ထိုးသိုင်းသမား ဝမ်းရှိသည့် မြိုင်ပွဲဝင် လူငယ် လူရွယ်များအား ဘက်ညီစေရန် ရွေးချယ်ပြီး နေရာချပေးရသည့်တာဝန်ကို ထမ်းဆောင်ရလေသည်။

ဝမ်းရှိ၏ တရားမျှတပြီး တိကျပြတ်သားသူဟု သတင်းကြီးသည်။ ထိုအရေးကြီးသော တာဝန်ကို ထမ်းဆောင်ရခြင်း ဖြစ်သည်။

လူငယ် လူရွယ်များအား ယှဉ်ပြိုင်ရန် ဖန်ရ ချထားပေးမှုမှာ အလွန် အရေးကြီးလေသည်။

သိုင်းအဆင့်ညီဘဲ တွဲဖက်ပေးလိုက်မိလျှင် အင်အားနည်းသူကို အင်အားကြီးသူက တစ်ဖက်သတ် အနိုင်ယူသွားလိမ့်မည် မဟုတ်ပါလား။

မြိုင်ပွဲကျင်းပ၍ သုံးရက်မြောက်သည့်အထိ ဝမ်းရှိ၏ ရွေးချယ်မှုများ အပြစ်ပြောစရာမရှိအောင် မှန်ကန်ခဲ့ပြီး အများ၏ ချီးကျူးမှု ခံခဲ့ရလေသည်။

မရှောင်မတောင်းက စာချင်းသွားပေးသောအခါ ဝမ်းရှိနှင့် တွေ့ဆုံရလေသည်။

Scanned with ACE Scanner

ဝမ်းရှီးသည် အသက်လေးဆယ်ကျော်ခန့်ရှိသည်။

ကပြူမရှောင်တာဝတ်စားမှုများကို အပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

ဥပဓိရုပ်ကောင်းပြီး တီ ကျွတ်သား သူ့အစီးယော ဂီ ဖြစ် ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ဝမ်းရှီးသည် သူ၏ရှေ့သို့ ရောက်လာသည့် ရွှေခင်ကောင်း အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ထိုးကြွခဲသော လေသံဖြင့်....

'မင်းလာ ပြိုင်ပွဲဝင်မလို့ ဟုတ်လား'

ဟု မေးလေသည်။

ရွှေခင်ကောင်းသည် ဖျဉ်ကြမ်းအကျီ ဝတ်ထားရာ ကျေး တောသားရုပ်သွင် ပေါ်လွင်နေပြီး သိုင်းလောကဟန်ပန်ကျိုး မရှိသူဖြစ်နေသည် မဟုတ်ပါလော။

ရွှေခင်ကောင်းက မျက်တိ တည်ကြည်ရိုးသားသော အသွင် ဖြင့်—

'ဟုတ်ပါတယ် ခင်ဗျာ'

ဟု ပြောလိုက်သည်။

ဝမ်းရိုက....

'မင်းက သိုင်းပညာတတ်လှိုလား။ မင်း ပြိုင်ပွဲမှာ စာရင်း လာသွင်းတော့ သိုင်းပညာတတ်လို့ပဲ ဖြစ်ရမှာပေါ့၊ ကောင်း ပြီ... ပြိုင်ပွဲကျင်းပတာသုံးရက်ရှိပြီဆိုတာကော မင်းသိရဲ့လား'

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ သိပါတယ်'

'အေး....ထုံးစံအတိုင်းဆိုရင် နောက်ကျပြီးမှ ရောက်လာ တဲ့လူကို ဝင်ခွင့်ပေးခွင့်မရှိဘူး။ ဒါပေမယ့် တကယ် အရည် အချင်းရှိတဲ့ လူငယ် လူရွယ်တွေဟာ နောက်ကျသွားတာ လေးတစ်ခုနဲ့ ကိုယ့်ရဲ့အရည်အချင်းဖလှယ်ပြလိုက်ရဘူးဆိုတာ မရှိရလေအောင် မင်းကို ပြိုင်ပွဲ ဝင်ခွင့်ပြုလိုက်မယ်'

ရှောင်ကောင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဟုလည်း ပြောလိုက်သည်။

ဝမ်းရိုက....

'ဒါပေမယ့်...ခြွင်းချက်တစ်ခုတော့ ရှိတယ်'

'ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ'

'အား....မင်းသက် အရွယ်ဝင်ပြီး ယှဉ်ပြိုင်ခဲ့တဲ့သူတွေဟာ သုံးရက်တိုင်တိုင် ပြိုင်ဖက်တွေကို ရင်ဆိုင်ခဲ့ကြရတယ်ဆိုတော့ မင်းကို သူတို့လို တန်းတူ အခွင့်အရေးမပေးနိုင်ဘူး'

ရှောင်ကောင်းက....

'ဟုတ်ကဲ့၊ ကျွန်တော်ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပါ ခင်ဗျာ'

ဝမ်ရိုက....

'ခုချိန်ဟာ ပြိုင်ပွဲရဲ့ အရေးကြီးတဲ့နေ့ရက်ကို ရောက်နေပြီ၊ ပြိုင်ပွဲရလဒ်ကို အဆုံးအဖြတ်ပေးမယ့်နေ့ရက်တွေလို့ ဖြစ်တယ်၊ ဒီအဆင့်အထိရောက်လာသူတွေဟာ တစ်နေ့ကို သုံးပွဲနှုန်းပြိုင်ရမယ်၊ မင်းကတော့ နှစ်ဆကို၊ ပြီး ယှဉ်ပြိုင်ရလိမ့်မယ်၊ တစ်နေ့တည်းနဲ့ ပြိုင်ဖက်ခြောက်ယောက်နဲ့ ယှဉ်ရမယ့်သဘောပဲ၊ မင်းတတ်နိုင်ပါ့မလား'

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ယှဉ်ပြိုင်ပါ့မယ် ခင်ဗျာ'!

ဝမ်ရိက ....

'ကောင်းပြီ မင်း ယှဉ်ပြိုင်မယ်ဆိုရင် ဟောဒီပြိုင်ပွဲ စည်းကမ်းတွေကို မတ်ကြည့်ပါ၊ နားလည်တယ် သဘောတူမယ်ဆိုရင် ဟောဒီမှာ လက်မှတ်ထိုးပေ'

ပြိုင်ပွဲ ဝင်ခွင့် စာရွက်နှင့် ပြိုင်ပွဲ စည်းကမ်းများ ရေးထားသည့် စာရွက်နှစ်ရွက်ကို ပေးလေသည်။

ရှောင်ကောင်းက စည်းကမ်းချက်များကို ဖတ်ကြည့်လိုက်ပြီ၊ ဝင်ခွင့်စာရွက်တွင် အမည် ဇာတိ မိဘအမည် စသည်တို့ကို ရေးသွင်းကာ လက်မှတ်ထိုးလိုက်လေသည်။

ဝမ်ရိက ....

'မင်း....တော်တော် ယှဉ်ပြိုင်ချင်နေတယ်ဟုတ်လား'

ရှောင်ကောင်း ပြုံးလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

'ကောင်းပြီ ခင်ဗြင့်ပေါ်မှာ အတွဲသုံးတွဲယှဉ်ပြိုင်ဖြီးကာ မင်းလှည့် ရောက်လာလိမ့်မယ်၊ အဆင်သင့်သာ စောင့်နေပေတော့'

ရှောင်ကောင်းမှာ ယှဉ်ပြိုင်ခွင့်ရလိုက်သဖြင့် ဝမ်းသာသွားမလှစေတော့သည်။

ပြိုင်ပွဲကား စည်ကားလှသည်။

ပရိသတ်များကလည်း ဝက်ဝက်ကွဲအောင် အားပေးကြသည်။

ရှောင်ကောင်းလည်း စိတ်ဝင်စားစွာ ကြည့်နေခဲ့လေသည်။

စင်မြင့်ပေါ်တွင် လူငယ်များသည် နှစ်ယောက်တစ်တွဲ တက်ရောက်ယှဉ်ပြိုင်ကြရလေသည်။

ထိုလူငယ်များ၏ ယှဉ်ပြိုင်ပုံကိုကြည့်ကာ ရှောင်ကောင်း သက်ပြင်းချမိသည်။

ပြိုင်ပွဲဝင်လူငယ်များ အသုံးပြုသွားသည့် သိုင်းကွက်များသည် လူ့အတုက်အမယ အဖွဲ့မျှသာဖြစ်နေခြင်းကြောင့်တည်း။

လူငယ်များကား သူ့ထက်ငါ အသာရအောင် အားကြိုးမာန်တက် ယှဉ်ပြိုင်သွားကြလေသည်။

တစ်တွဲအရှုံးအနိုင်ပေါ်သည်နှင့် နောက်တစ်တွဲက စင်မြင့်ပေါ်သို့ တက်ရောက်ယှဉ်ပြိုင်ကြသည်။

သို့ဖြင့်....

ရှောင်ကောင်း၏အလှည့်သို့ ရောက်လာခဲ့လေသည်။

Scanned with ACE Scanner

ဝမ်းရိုက ကြေညာလိုက်သည်နှင့် ရှောင်ကောင်းက စင် မြင့်ပေါ် တက်သွားလေသည်။

ရှောင်ကောင်း၏အမည်မှာ ပရိသတ်နှင့် စိမ်းနေပါသည်။

ယခုမှ ပါဝင်ယှဉ်ပြိုင်လာခြင်းဖြစ်ရာ အားပေးမည့်သူမရှိ သလောက် ဖြစ်နေသည်။

ရှောင်ကောင်းနှင့် ယှဉ်ပြိုင်ရမည့်ပြိုင်ဖက်အား ဝမ်းရိုက ကြေညာလိုက်သည့်အခါ၌မူ....

'ရှိုး....ဖြောင်း....ဖြောင်း'

'ဟေး'

'လုဖေးကွ....ထင်ဟိုမြို့သားကွ'

ပရိသတ်၏အားပေးသံ တဝက်လျှံသွားလေတော့သည်။

ထင်ဟိုမြို့သားလုဖေးသည် ကျင်းပပြီးစီးခဲ့သည့် သုံးရက် ကာလအတွင်း ပြိုင်ဘက်များအား အပြတ်အသတ် အနိုင်ယူ ခဲ့သဖြင့် ပရိသတ်အကြိုက်တွေ့နေသူ ဖြစ်လေသည်။

ပြိုင်ပွဲ၌ ပထမဆုကိုဆွတ်ခူးနိုင်မည်ဟု အများသူငါ၏ထင် ကြေးပေးခံနေရသော ပြိုင်ပွဲဝင်ငါးယောက်တွင် ပါဝင်ခဲ့သူ ဖြစ်လေသည်။

နေ့လက်ကျပြီးမှ ရောက်လာခဲ့သော ရှောင်ခကောင်းသည် အကျော်ပေးရသည့်အခနဖြင့် လူ့ဖေးနှင့်ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်၍—

'လူဖေး...စင်မြင့်ပေါ်ကြွပါ'

ဝမ်းရီ၏ကြေညာသံ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ပရိသတ်များကြားမှ အနီရောင်ဝတ်ရုံ ဆင်မြန်းထားသော လူငယ်တစ်ယောက် လှမ်းတက်လာခဲ့လေသည်။

ထိုလူငယ်သည် ယောကျ်ားပီသစွာ ကျစ်လစ်ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိပြီး ဝင့်ကြွားထည်ဝါနေ၏။

သုံးရက်လုံးလုံး အနိုင်ရထားခြင်းကြောင့်လည်း တက်တက်ကြွကြွ ဖြစ်နေပုံရသည်။

စင်မြင့်အနီးသို့ရောက်လျှင် အနီရောင် အပေါ်ဝတ်ရုံကို ချွတ်ကာ လက်ခဝ့် ယမ်းလိုက်လေသည်။

'ဟေး'

ပရိသတ်ကြီး၏အသံ တစ်ခဲနက်ထွက်ပေါ်လာသည်။

လေထဲဖဲ့ပျံလာခဲ့သော လူဖေး၏အနီရောင်ဝတ်ရုံကြီးကိုလု တက်ငါ အလုအယက် ယူလိုက်ကြလေသည်။

လူဖေးက ကျေနပ်စွာပြုံးလိုက်ပြီး…

'ဟိတ်'

မြွေသံတစ်ချက်ပေးကာ မြေပေါ်ခြေဆောင့်ပြီး စင်မြင့်ပေါ် ခုန်တက်လိုက်လေသည်။

'ဝှီး....'

လူဖေးသည် လေထဲသို့မီးခိုးတန်းသဖွယ် ထိုးထွက်သွားပြီး စင်မြင့်ပေါ်သို့ သိမ့်ခနဲ ကျရောက်သွားလေသည်။

ရှောင်ကောင်းက မလှုပ်မယှက် ရပ်နေ၏။

လူဖေးက ရှောင်ကောင်းအား အကဲခတ်ကြည့်လိုက်လေသည်။

ရှောင်ကောင်း၏အသွင်မှာ လုံးဝအထင်ကြီးစရာ မရှိသဖြင့် သူက မဲ့ပြုံး ပြုံးလိုက်လေသည်။

ထိုးတမ်းစဉ်လာအရ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ပြီးလျှင်....

'ခေါင်ကြီးက ဒီကနေ့မှ ပြိုင်ပွဲဝင်လာတာလို့ သိရပါတယ်၊ ဒါ အမှန်ပဲလားဗျာ'

သိလျက်နှင့် မေးလိုက်ခြင်း ဖြစ်လေသည်။

ရှောင်ကောင်းက....

'ဟုတ်တယ်၊ ကျုပ်ဟာ ခရီးဝေးက လာခဲ့ရတာကြောင့် နောက်ကျသွားတာပါ'

လုံမေးက....

'နောက်ကျတယ်ဆိုတော့ လူများစွာထက် ပိုပြီး ယှဉ်ပြိုင်ရမယ်ဆိုတဲ့ သဘောကို ကြားမိပါ[illegible] ခေါင်ကြီးတာ[illegible]နိုင်ပါ့မလားဗျာ'

ရှောင်ကောင်း ပြုံးလိုက်သည်။

'ကျုပ် တတ်နိုင်ပါတယ်'

လုံမေးက....

'ကျုပ်တို့ ကျင်းပပြီးစီးခဲ့တဲ့ သုံးရက်အတွင်းမှာ ပြိုင်ဘက်တွေကို ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပါတယ်၊ ဒီအကြောင်း

ကို နှောင်ကြိုး ကြာပြီးသား ဖြစ်နေပါ၊ ကျုပ်အနေနဲ့ ခုမှ ပြိုင်ပွဲဝင်လာသဲ့ နှောင်ကြိုးနဲ့ ယှဉ်ပြိုင်ရမှာ မတရားသလို ဖြစ်နေရင်တော့—'

သူက စကားတစ်ပိုင်းတစ်စ ဖြင့် ရပ်ထားလိုက်လေသည်။

ရွှေခေါင်ကောင်းက....

'တရားပါတယ်၊ တာမှုစိတ်ပူစရာ မလိုပါဘူး၊ ကျုပ်ကသာ မင်းအတွက် စိတ်မကောင်းတာပါ'

'ဘာဗျ'

'မင်းဟာ သုံးရက်လုံးလုံး အပင်ပန်းခံ ယှဉ်ပြိုင်လာခဲ့ပြီး၊ ဒီတမနေ့မှ အရေးနိမ့်သွားမယ်ဆိုရင်....'

'တိတ်စမ်း'

လုဖော်က အော်ငေါက်လိုက်လေသည်။

သူက ရွှေခေါင်ကောင်းအား ရိသဲ့သဲ့ ပြောခဲ့ပါသည်။

ရွှေခေါင်ကောင်းက ပြန်ပြောလိုက်သောအခါ၌ကား၊ မခံမရပ်နိုင်အောင် ဖြစ်သွားလေတော့သည်။

ရွှေခေါင်ကောင်းအား မျက်လုံးကြီးပြူးအောင် ကြည့်လိုက်ပြီး....

'ကျုပ်က ခင်ဗျားကို ကြောက်နေရမှာလား၊ ခင်ဗျားရဲ့ ပါးစပ်ထဲက သေးပွက်ပွက်အနံ့ထွက်လာအောင် ကျုပ်ဆုံးမပြမယ်ဆိုတာ မှတ်ထား'

ဟု အော်လိုက်လေသည်။

ထိုစဉ်မှာပင်....

'နှောင်'

Scanned with ACE Scanner

ကြေးမောင်းတီးသံ ထွက်ပေါ်လာသည်။

ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်ခြင်း ဖြစ်လေသည်။

လူဖေးသည် ဒေါသထွက်နေသည့်အလျောက် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ....

'မသပေမတော့'

ဟု အော်ငေါက်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

* * *

ဝမ်းရှိသည့် ပြိုင်ပွဲဝင်များ၏ ဆွဲဖက်စာချင်းများကို ဖိုးစိုး ဆောင် ဆောင်ရွက်ပြီးခဲ့ပြီ ဖြစ်လေသည်။

နေ့ခင်းဆိုးအားဆင့်သို့ရောက်သည့်အခါ ထိုပနစ်ဟာကျူးဆင်ရွက် ပြီး မေ့ ၏ ပြိုင်ပွဲကို တာဝန်ယူထားသည့် အဓိက ခေါင်းဆောင် များ ဖြစ်ကြသော ဂိုဏ်းချုပ်ငါးယောက်ထံသို့ တင်ပြရိုက် လေသည်။

ပြိုင်ပွဲကိုဦးဆောင် ကျင်းပခဲ့သော ချန်ဘုန်းဒေဝသရှိ အဓိက သိုင်းဂိုဏ်းကြီး ငါးဂိုဏ်းမှ ခေါင်းဆောင်ဂိုဏ်းချုပ်ကြီးများ ကိုယ်တိုင် ပြိုင်ပွဲကား လာရောက် ကြည့်ရှုကာ အကဲဖြတ်ကြ လေသည်။

သိုင်းဂိုဏ်းကြီး ငါးဂိုဏ်းနှင့် ဂိုဏ်းချုပ်များမှာ အောက်ပါ အတိုင်း ဖြစ်လေသတည်း။

ချိန်ဖုံးဂိုဏ်းမှ ဂိုဏ်းချုပ်ချိန်ယူး

ခရွှေ့ဆွဲဂိုဏ်းမှ ဂိုဏ်းချုပ် ခကာဒ္ဒကျင်း။

စားပြဲဂိုဏ်းမှ ဂိုဏ်းချုပ်ကျွန်းဒေါက်း

သိမ်းဌာဂိုဏ်းမှ ဂိုဏ်းချုပ်ရှုပြန်း

ခကားင်းဘင်ဂိုဏ်းမှ ဂိုဏ်းချုပ်ထင်းယန်...

Scanned with ACE Scanner

ဟု ပြုံးစိစိကြာလေသည်။

ဝမ်းရီသည် ပြိုင်ပွဲပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရေးမှတ်ထားသည့် မှတ်သားကို ဂိုဏ်းချုပ်ငါးယောက်ထံ တင်ပြလိုက်လေသည်။

ဂိုဏ်းချုပ်ငါးယောက်သည် အပေါ်ယံ အဓိပ္ပာယ်သာ ကြည့်လိုက်ကြပြီး ရှလုံ့ဂိုဏ်းချုပ် ကောင်ကျင်းက ...

'ဝမ်းရီ...အခု စင်မြင့်ပေါ်တက်ပြီး ယှဉ်ပြိုင်နေတာ ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ဝမ်ရီက ဦးညွတ်လိုက်ပြီး....

'ထန်းရှူးကျောင်းက ရှောင်ကောင်းနဲ့ ထင်ယိုမြို့သား လုခဖားတို့ဖြစ်ပါတယ် ဂိုဏ်းချုပ်ကြီး'

ရှလုံ့ဂိုဏ်းချုပ် ကောင်ကျင်းက....

'ထင်ယိုမြို့သား လုခဖားဟာ ဘာနဲ့တော်ကို အလားအလာ ကောင်းတဲ့ လူငယ်လေးပါပဲ၊ သူနဲ့ယှဉ်ပြိုင်တဲ့ ထင်းရှူးကျောင်းက ရှောင်ကောင်းဆိုတာကို အရင်ကတွေ့က မတွေ့ရပါလား'

'ဒီလိုပါ ဂိုဏ်းချုပ်ကြီး'

ဝမ်းရိုက အကျိုးအကြောင်းရှင်းပြလိုက်လေသည်။

ရွှေလှံဂိုဏ်းချုပ် ဘောဇွကျင်း မျက်မှောင်ကြုတ်သွားပြီး...

'ရှောင်ကောင်းကို ပြိုင်ပွဲဝင်ခွင့်ပြုလိုက်ဟာ တရားမျှတမှု ရှိပါမလား၊ မိတ်ဆွေတို့ကကော ဘယ်လို သဘောရသလဲ ပြောကြပါဦးဗျာ'

ဟု အခြားဂိုဏ်းချုပ်လေးဦးယောက်အား မေးလိုက်လေ၏။

ချိန်ဖုံးဂိုဏ်းချုပ် ချိန်ယုက....

'ကြိုတင် ကြေညာထားတဲ့ ပြိုင်ပွဲစည်းကမ်းနဲ့လဲ ညီညွတ်တယ်၊ ကာယကံရှင် ကိုယ်တိုင်ကလဲ သဘောတူတယ်ဆိုရင် တရားမျှတတယ်လို့ ဆိုနိုင်ပါတယ်၊ နိုင်တာ ရှုံးတာကမတော့ ကံအရေးပေါ့၊ ပြိုင်ပွဲဝင်ခွင့်ရတာပဲ သူ့အတွက် ဆုလာဒ်ဘစ်ခု လို့ ဖြစ်နေမှာပါ'

ဟု ပြောလျှင် ကျန်ဂိုဏ်းချုပ်များက သဘောတူ ထောက်ခံလိုက်ကြလေသည်။

ရွှေလှံဂိုဏ်းချုပ် ဘောဇွကျင်းက....

'အားလုံး [illegible] ဘာတွေ [illegible] ပြီး [illegible] ပါဝဲ [illegible] ချောက်ချား
ပြောလို့လဲ ဒီနှိပ်ပြီး အချိန်ကြာလာရွှေမယ် ခေါင်းပေါ်ကူးလေ့ရဲ့
အတောင်ကို လက်ခေါင်းထက်ခနက် သူဟာ....'

ရုတ်တရက် ထွက်ပေါ်လာသော ဆူညံသောအသံများ
ကြောင့် စကားဆုံးအောင်မပြောနိုင်ဘဲ ဖြတ်သွားသည်။
ကုန်ကိုက်ချုပ်မှူးလည်း [illegible] ရှား ပြတ်သွားကြ
သည်။

အားလုံး စူးရှသော အော်ဟစ်သံထွက်ပေါ်လာရာဆီသို့
ပြန်ကြည့်လိုက်ကြသည်။

ကိုအခ ...

အားလုံး အယောင်ကြည့်နေကြသော လုံခေးမှာ ခြေကားလေး
ထိသားရေးမြင့် စင်မြင့်ပေါ်မှ ပြုတ်ကျလာသည်ကို တွေ့မြင်
လိုက်ရလေတော့သည်။

'ဟင်'

'ဟာ'

'ဘယ်....လိုဖြစ်တာလဲ'

ပရိသတ်ကြီး၏ တအံ့တသြရေရွတ်သံ ထွက်ပေါ်လာလေသည်။

လိုပေးသည့် လူပုံအလယ်တွင် အရှက်ကြီးရှက်ကာ ထွက်ပြေးသွားလေတော့သည်။

ရှောင်ကောင်းကား စင်မြင့်ပေါ်တွင် မားမားမတ်မတ် ရပ်နေ၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဂိုဏ်းချုပ် ငါး ယောက်မှာ မယုံနိုင်အောင် ဖြစ်သွားလေသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

ပထမဦးဆုံး သတိဝင်လာသူမှာ ရွှေလှံဂိုဏ်းချုပ် ကျော ဖြစ်လေသည်။

ခဏချင်းက....

'ဘယ်လိုဖြစ်တာလဲ၊ လိုပေးရှုံးသွားပြီ၊ သူတို့ယှဉ်ပြိုင်ကြတာ မျက်တောင်တစ်ချက်ခတ်လောက်ပဲ အချိန်ကြာလိမ့်မယ်၊

ဝင်ကောင်းက လူဖောကို ဘယ်လိုလုပ်ပြီး အနိုင်ယူလိုက်လဲ'

ကျ်တွင်....

'ဟုတ်တယ်.... ဘယ်လိုလုပ်ပြီး တိုက်ခိုက်လိုက်မှန်းတောင် သိလိုက်ရဘူး'

'ခကျွးခတာသားလေးက သိုင်းအစွမ်းထက်လှချည်လား'

'ကျုပ်တို့ အထင်ကြီးနေတဲ့ လူဖောက ရှုံးသွားတာ မယုံရဘူးဗျို့'

ကျန်ဂိုဏ်းချုပ်များကလည်း ဝေဖန်ပြောဆိုလိုက်ကြလေသည်။

ရှေလှ့်ဂိုဏ်းချုပ် ဓားဘုကျင်းက....

'ဝမ်းရီ၊ သူက လူဖောကို အနိုင်ယူလိုက်နိုင်ပြီဆိုတော့ ဘယ်လုပ်မလဲ'

ဟု မေးလိုက်လေသည်။

ဝမ်းရီက တည်ကြည်သောမျက်နှာထားဖြင့်....

'ပြိုင်ပွဲသုံးရက်ကြာပြီမှာ ပွဲတိုင်းနိုင်ခဲ့တဲ့ လူငယ်ငါးယောက် ရှိပါတယ်၊ ဒီညတော့ ခန့်ကားတင်ထားတဲ့ ရွေးထားပါတယ် ကျန်တဲ့ ပြိုင်ပွဲနှစ်ရက်အတွက် ဖဲဗီလူငယ်ငါးယောက်ဟာ တစ် လည်း ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် ရှောင်ကောင်းက လူ ကြားမှာ အနိုင်ယူလိုက်တဲ့အတွက် ကျန်နေတဲ့ လူငယ်လေး ယောက်လုံးကို မရှိဘဲ ကောင်းဟ ဆက်ပြီး ယှဉ်ဆိုင်ရမှာပါ

ဇော့ကျင်းက....

'ဒါဆို ရှောင်ကောင်း တက်နိုင်ပါ့မလား'

ဝမ်းရီ ဦးညွတ်လိုက်ပြီး—

'သူ မယှဉ်နိုင်ဘူးဆိုရင် စင်မြင့်ပေါ်က ဆင်းသွားဖို့ပဲ ရှိတယ် ဂိုဏ်းချုပ်ကြီး'

ဟု ပြောလိုက်သည်။

ဇော့ကျင်း သက်ပြင်းချလိုက်သည်။

'အင်းပေါ့လေ... သိုင်းသမားကောင်းတစ်ယောက် ဖြစ် မှန်ရင် ဘယ်လိုအခက်အခဲ အန္တရာယ်မျိုးကိုမဆို ကျော်လွှား သွားနိုင်ရမှာပေါ့၊ ကဲ...ကဲ.... လုပ်စရာရှိတာ ဆက်လုပ်

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

ဝမ်းရိုက ကာယျာကယာကွက်သွားပြီး ရှောင်ဆောင်းနှင့် ဆုံးလာကံ ယှဉ်ပြိုင်ရမည့်သူကို စောကြည့်လိုက်လေသည်။

ယခုတစ်ကြိမ် ရှောင်တောင်းနှင့် ယှဉ်ပြိုင်ရမည့် သူမှာ ဦးတာစက်ဆိုသူ ဖြစ်လေသည်။

* *

ရွှောင်ကောင်းနှင့် ဝူတောက်တို့ ယှဉ်ပြိုင်ရမည် ဖြစ်သ
ည်။

ချိန်ဖုံးဂိုဏ်းချုပ် ချိန်ယုကီ....

'လူဖေးက သိုင်းပညာတော်တယ်၊ ဒါပေမယ့် ကိုယ့်ကိုကို အထင်ကြီးတဲ့စိတ်ကြောင့် သတိလက်လွတ်ဖြစ်ပြီး ရှုံးနိမ့်သွားတာပဲဖြစ်မယ်၊ အင်း....ရှေ့ဆ ကောင်က ဝူတောက်ကတော့ လောင်းပေါ့လိမ့်မယ်၊ ရွှောင်ကောင်း အနေချောင်အနိုင်ရနိုင် တော့မှာမဟုတ်ဘူး'

- ရွှောင်ကောင်းသည် လူဖေးအား အနေချောင်အနိုင်ရ သည်ဟု ယုံကြည်ထားကြလေသည်။

'နောင်....'!

စတင်ယှဉ်ပြိုင်ဖို့ ကြေးမောင်းသံ ထွက်ပေါ်လာလေ သည်။

စင်မြင့်ပေါ်တွင် ရွှောင်ကောင်းနှင့် ဝူတောက်တို့ စတင် ယှဉ်ပြိုင်လိုက်ကြလေသည်။

ဝူတောက်သည် ယှဉ်ပြိုင်ပွဲစသည်နှင့် လက်ဦးမှုရယူကာ စောင်တိုက်ခိုက်လေသည်။

သိမ်းငှက်ကိုက်းချုပ် ရှုပြန့်က ဦးခေါင်းတဆတ်ဆတ် ညွှတ်လိုက်ပြီး....

'ဝူတောက်ဟာ မြင့်မားလှတဲ့ရေသေ တောင်ကို အက်ပ် ...လိုက်နဲ့ ကိုယ်ဖေ့ဖွပညာတိုးတက်အောင်သေ ကျင့်... ...သိုင်းကို အမိကထားတယ်လို့သိရတယ်၊ ခုပုံ ... ...ချင်ကောင်းဟာ ဝူတောက်ရဲ့ ခြေသား ...လာပြီး ဝူ ... ...မြင့်ပေါ်က ပြုတ်ကျလာမှာသေချာတယ်' မြင်လိုက်ရလသည်၊

ဟု သုံးသပ်လိုက်လေသည်၊

ကောင်းကောင်ကိုက်းချုပ် ထင်းယန့်ကမူ....

'လုဖေးတောင်မှ အာမုန်းညာမန်းမသိဘဲ ခံယိုက်ရ... ...ကောင်းကို ပေါ်ပေါ်အန်အန်အဆော်ထားလို့ မြစ်ဘူး၊ ...ချက်ကလေး ပေါ်ဆာလိုက်ဘာနဲ့ ဒုက္ခရောက်သွားလိမ့်မယ်၊ ...တက်အနေနဲ့ အစအောရာရာသတိထားနိုင်မှတော့ စင်းလိမ့် ...ယ်'

ရှောင်မတောင်းအဲ့ပေါ် သတိထားပုံမျိုးဖြင့် ပြောခဲ့လ ...ည်၊

ဝေါပြာကိုက်းချုပ် ကျန်းတောက်ကထောက်ခံလိုက်သည်

'ရှေးဦးကာလက ဘွဲ့အောင်ပြီးတဲ့ အနှီးယံတ္တတို့ဆိုင် ကျုပ်တို့မျှော်လင့်ထားတာတွေ အကောင်အထည် ကျန်လိမ့်မယ်'

အထဲ ကိုကြာချပ် ခေါ်ကျွန်းက....
တစပဲဖြစ်
အောင်ပေါ် အခုထိပြန်ပြီးမတိုက်ခိုက်တဲ့ ရှောင်အို
ထောင့်မှာမှတွေ ပြောခဲ့ကြတာပဲ၊ သူတို့ရဲ့ဘိုကြက်ထွက်ပေ
ဘယ်သူနိုင်၊ ဘယ်သူရှုံးမယ်ဆိုတာကို ပေ
- ရှောင်ကော ပါလိမ့်မယ်'
ဆည်ဟု ယ
ယုတ်မလွန်ပြောလေသည်။
'နေ
ချိန်ဖိုးကိုကြာချပ် ချိန်ယုက....

'ကျုပ်ကတော့ သုတ်သွက်လက်လက်ရှိတဲ့ ပွဲတော်ပြီး ပြီးသွားတာကျတယ်၊ သူနဲ့ လုပ်ပြောဘိုတွေ့ရင် အတော် ကြည့်လို့ကောင်းမယ်လို့ မျှော်လင့်ခဲ့တာ'

ဟု ပြောလေသည်။

ကိုကြာချပ်ပါလေယာက်သည် အစွမ်းအစရှိ ကြောင်းပေ နိုင်ခဲ့သည့် လူငယ်များ အနက် မိမိတို့စိတ်ကြိုက် ကိုသူတော်ကို များကို ရွေးချယ်နေမိကြလေသည်။

Scanned with ACE Scanner

သူတို့သည် ချောင်တောင်နှင့် ဝူအာဂက်တို့ အပြိုင်ပွဲကို သေသေချာချာကြည့်နေကြ၏။

ဝူအာဂက်၏တိုက်ခိုက်မှု ပိုမိုပို၍လျင်မြန်လာသည်။

ချောင်တောင်၏ပတ်ဝန်း၊ ကျင်၌ ဝူအာဂက်၏ အရိပ်များအ လှမ်းမိုးထားလိုက်သည်ဟု ဆိုရမည်ဖြစ်လေသည်။

လူရိပ်များရှုပ်ထွေးသွားသည့်အချိန်အတွင်း....

'ဝုန်း....'

ကျယ်လောင်သောအသံများထွက်ပေါ်လာပြီး ဝူအာဂက် မှာ စင်မြင့်ပေါ်မှ ထိုးကျလာသည်ကိုတွေ့မြင်လိုက်ရလေသည်။

* * *

လုဖေး၊

ဝူတောခွက်၊

ချိုကျုံး၊

ဟန်ဆွေဖုံး၊

ဝါးမေ၊

ချန်ကျန်း၊သိုင်၊ပြိုင်ပွဲ၌ နာမည်ကြီး၊နေခဲသော လူငယ်သိုဠ်၊ သမားငါး၊ယောက်သည် ရှောင်စကောင်၊နှင့်ယှဉ်ပြိုင်လိုက်သော အခါ တစ်ယောက်ပြီး၊တစ်ယောက် အနရှုံးနိမ့်သွား၊ကြလေတော့သည်။

* * *

ပွဲတင်သံ

---

သီ၊သန့်အဆောင်အတွင်း၌ ဘဲဥပုံစားပွဲကြီး ခင်းကျင်းထားပြီး စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ်ရှိနေ၏။

ချန်ကျန်းမှ ဂိုဏ်းချုပ်ငါးဦးက ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

သူတို့ဦးစီးကျင်းပသောပြိုင်ပွဲမှာ ငါးရက်ကျင်းပရန် စီစဉ်ထားသော်လည်း လေးရက်နှင့်ပင် ပြီးပြတ်သွားလေသည်။

ရှောင်ကောင်းအား ဆက်လက်ယှဉ်ပြိုင်ခဲ့သူ မရှိတော့သဖြင့် ရပ်တန့်လိုက်ရခြင်းဖြစ်ပါသည်။

ပြိုင်ပွဲတွင် အရည်အချင်းရှိသော လှေသမားများစွာ ရှိ ပေါ်လာခဲ့သော်လည်း ရွှေခင်ကောင်းကို မီမှီအောင် ယှဉ်နိုင်သူ မရှိခဲ့ချေ။

ရွှေခင်ကောင်းနှင့်ပတ်သက်ပြီး အားလုံးက အံ့သြတုန်လှုပ် ခဲ့ကြရလေသည်။

ရွှေခင်ကောင်းသည် ပြိုင်ဘက်မရှိ ပထမဘွဲ့ကို ဆွတ်ခူးရရှိ သွားပြီးဖြစ်ပါသည်။

ကိုဖေဘြခင့်လည်း ရွှေခင်ကောင်းအား ညစာခံဂုဏ်ပြုပွဲ စီစဉ်ထားခြင်းဖြစ်လေသည်။

ကိုက်ချုပ်ငါးယောက်သည် ရွှေခင်ကောင်းနှင့်ပတ်သက်ပြီး အကြီးအကျယ် စိတ်လှုပ်ရှားနေကြပေတော့သည်။

ချိန်ဖုံ ကိုက်ချုပ် ချိန်ယူသည့် အခြားကိုက်ချုပ် ခလေးဦး တား ဝေ့ကြည့်လိုက်ပြီး....

'ကျုပ်ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ၊ ချန်ကျွန်းသိုင်းပြိုင်ပွဲကို ဦး ဆောင်ကျင်းပခဲ့တာလဲ ဆယ်ကြိမ် မကတော့ပါဘူး၊ ဒါပေ မယ့်....ရွှေခင်ကောင်းလို လူငယ်လူရွယ် တစ်ယောက်ကိုမတွေ့ ဖူးသေးဘူး'

ဟု မေးလိုက်လေသည်။

ရွှေလှိုင်ဂိုဏ်းချုပ် ဘော့ကျော်က....

'ဟုတ်တယ်၊ သူဟာ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ထူးထူးခြားခြား ထွက်ပေါ်လာတဲ့ လူငယ်တစ်ယောက်ပဲ၊ ကျုပ်တို့ ရွှေလှိုင်ဂိုဏ်းမှာသာ သူကအမှုထမ်းမယ်ဆိုရင် သူ့ကို ကျုပ်တို့က ရာထူးကောင်းကောင်းပေးပြီး ချီးမြှင့် မြှောက်စားမှာပါပဲ၊ ရွှေခေါင်းကို ကျုပ်က ပုံဖိတ်ခေါ်ဖို့ ဆုံးဖြတ်ပြီးပါပြီ'

ဟု ပြောလေသည်။

ကျန် ဂိုဏ်းချုပ်သုံးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ လေသည်။

မိုးပြာဂိုဏ်းချုပ် ကျွန်းတော်က....

'ကျုပ်ကလဲ ရွှေခေါင်းကို မိုးပြာဂိုဏ်းမှာ အမှုထမ်းဖို့ ခေါ်မယ်လို့ စိတ်ကူးထားတာ'

သိမ်းငှက် ရှုပြန်က....

'ကျုပ်တို့ သိမ်းငှက်ဂိုဏ်းနဲ့ ရွှေခေါင်းက ပိုပြီး ဟပ် စပ်လိမ့်မယ်ဗျ'

ကောင်းကင်ဂိုဏ်းချုပ် ထင်းယန်က....

'ကောင်းကင်ဂိုဏ်းက ရွှေခေါင်းကို ပိုပြီးမြှောက်စား နိုင်တာပေါ့ဗျာ'

ရွှေခေါင်းကို သူခေါ်မည်၊ ငါခေါ်မည် အချင်းချင်း စကားများကာ ငြင်းကြလေတော့သည်။

ရွှေလှိုင်ဂိုဏ်းချုပ် ဘော့ကျော်က....

'ကဲ...အားလုံး နားထောင်ကြပါဗျာ၊ ရှောင်ကောင်း ရောက်လာတော့မှ သူ့ရဲ့အဘောအလားကို မမြင်နိုင်ပြီး ဆက်လုပ်ကြဘာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

ဟု မပြောလိုက်တော့မှ အားလုံး ငြိမ်ကျသွားလေတော့သည်။

ထိုစဉ်....

ညောင်ခန်းအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ရှောင်ကောင်းဖြစ်လေသည်။

ရှောင်ကောင်း...

ချန်ကျန်းသေမှ ထင်ရှားသော ဂိုဏ်းချုပ် ငါးယောက်လုံး ရှောင်ကောင်းအား စိတ်ဝင်စားနေကြပြီ ဖြစ်လေသည်။

ရှောင်ကောင်းကို နေရာထိုင်ခင်း ပေးလိုက်ကြသည်။

လိုလေသေးမရှိ ဧည့်ခံပေးကြသည်။

ရှေ့လှဲ့ ဂိုဏ်းချုပ် ကော့ဇွကျင်းကပင် အခြေအနေကိုကြည့်ပြီး ရှောင်ကောင်းကို မေးမြန်းလိုက်လေသည်။

'ရှောင်ကောင်း၊ ချန်ကျန်းသိုင်းပြိုင်ပွဲဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ကျင်းပတယ်ဆိုတာ မင်းသိမယ် ထင်တယ်'

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...သိုင်းစွမ်းထက်တဲ့ လူငယ် လူရွယ်တွေ ပေါ်ပေါက်လာစေရေးအတွက် ရည်ရွယ်ပြီး ကျင်းပတာပဲ ဖြစ်ပါတယ်....'

ကော့ဇွကျင်းက....

'အေး… သိုင်းဖွမ်းထက်တဲ့ လူငယ်လူရွယ်တွေ ထွက်ရှိလာတာနဲ့ ကျုပ်တို့ဟာ ချီးမြှင့်-မြှောက်စားဖို့ စီစဉ်ထားတယ်ဆိုတာကို ရှော မင်းသိသလား'

သူ့

ရှောင်ကောင်းက…

'ဟုတ်ကဲ့ သိပါတယ်'

'ကောင်းပြီ၊ ရွှေလှုံ့ဂိုဏ်းက မင်းကို ချီးမြှင့်မြှောက်စားတယ် ဆိုချင်ချေ'

ထိုစကားကြားလျှင် ကျန်ဂိုဏ်းချုပ်များ၊ လှုပ်လှုပ်ရွားရွား ဖြစ်သွားကြလေသည်၊

ဝိုင်း၍ပြောရန် ဟန်ပြင်လိုက်မိစဉ်မှာပင် ရှောင်ကောင်း၊ ကပင်…

'ကျွန်တော်ဟာ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့အစည်းမှာမှ တာဝန်ထမ်းဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက် မရှိပါဘူးခင်ဗျာ'

ဟု ပြတ်ပြတ်သားသား ပြောလိုက်လေသည်၊

ကောင်းကျင်းတို့ အံ့ဩသွားကြလေသည်၊

'လူငယ်လူရွယ်တစ်ယောက် သိုင်းပညာ သင်ကြားတယ်ဆိုတာ သိုင်းလောကမှာ ထိုက်တန်တဲ့ နေရာတစ်ခုရရှိဖို့ ရည်

ရွယ်ရင်းနဲ့ ရှိမယ်လို့ ကျုပ်တို့နားလည်ထားတယ်၊ မောင်ရှင်လေးက....'

သူက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ရှောင်တောင်းကို စိုက်ကြည့်လိုက်လေသည်။

ရှောင်တောင်းက....

'ကျွန်တော်ကအပျော်သဘောမျိုးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ'

ဟု ပြောလိုက်လေသည်။

ကော့ကျင်း မျက်နှာပျက်သွားသည်။

'မင်း တကယ်ပြောတာလား'

'တကယ်ပါ ခင်ဗျာ'

'မင်း....'

ကော့ကျင်း မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဓားပြဂိုဏ်းချုပ် ကျွန်းဒေတာက်က....

'ရှောင်ကောင်း၊ မင်းရဲ့ သိုင်းပညာကို ကျုပ်တို့အားလုံး ချီးကျူးကြပါတယ်၊ မင်းရဲ့ဆရာ ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား၊'

ဟု မေးလေသည်၊

ရှောင်ကောင်းက...

'ကျွန်တော့် ဆရာဟာ ကျွန်တော့် အဖေပါ ခင်ဗျာ'

'မင်းရဲ့ အဖေက...'

'ရှောင်ဖေ့လို့ ခေါ်ပါတယ် ခင်ဗျာ'

ရှောင်ဖေ့ဆိုသော နာမည်ကြောင့် အားလုံး မျက်မှောင်ကြုတ်သွားကြလေသည်၊

ကောင်းဆင်ဂိုဏ်းချုပ် ထင်းယန်က...

'မင်းအဖေနာမည် ရှောင်ဖေ့ ဟုတ်လား၊ ကျုပ်တို့ တစ်ခါမှ မကြားဖူးပါလား၊ မင်းအဖေဟာ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့အစည်းကလဲဆိုတာ ပြောပြနိုင်မလား၊'

ဟု မေးလေသည်၊

ရှောင်ကောင်းက...

Scanned with ACE Scanner

'ကျွန်တော် မသိပါဘူး ခင်ဗျာ၊ ဖေဖေဟာ တိုက်ကျားကျွမ်းက လူတွေနဲ့ ရန်သူ သဘောမျိုးရှိတာလို့ပဲ၊ တစ်ခြား ဘာမှ မသိရပါဘူး ခင်ဗျာ၊ ဖေဖေ့ရဲ့အကြောင်းကို စုံစမ်းဖို့ သိုင်းလောကထဲကို ကျွန်တော် ထွက်လာခဲ့တာပါ'

အဖြစ်မှန်ကို ပြောပြလိုက်လေသည်၊

တိုက်ကျားကျွမ်းဟူသော အမည်ကိုကြားလျှင် ဂိုဏ်းချုပ် ငါးယောက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်၊

ခကာစွကျင်းက....

'တိုက်ကျားကျွမ်း ဟုတ်လား'

ရှောင်ဟောင်းက....

'ဟုတ်ပါတယ်....ဗျာ'

'တိုက်ကျားကျွမ်းဆိုတာ ဘယ်အဖွဲ့အစည်းမျိုးလဲဆိုတာ မင်းသိသလား'

ရှောင်ဖကောင်းက....

'ဒုစရိုက်ဂိုဏ်းတစ်ခုဆိုတာ ကျွန်တော် သိပါတယ်'

ချိန်ဖုံးဂိုဏ်းချုပ် ချိန်ယုက....

'မင်းရဲ့သိုင်းပညာတော မင်းအဖေသင်ပေးတာဟုတ်လား'

ရှောင်ကောင်းက....

'ဟုတ်ပါတယ် ခင်ဗျာ'

ချိန်ယုက....

'အခု....မင်းအဖေကော'

ရှောင်ကောင်းက....

'အဖေ ကွယ်လွန်သွားပါပြီ ခင်ဗျာ'

ချိန်ယုက....

'မင်းအဖေသင်ပေးတဲ့ ပညာနဲ့ မင်းရဲ့ပညာ ဒီလောက် တောင် ထက်မြက်နေတယ်ဆိုရင် မင်းအဖေဟာ အတော်ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်နေမှာဘဲ'

ရှောင်ကောင်းက သက်ပြင်းချလိုက်လေသည်။

ရွှေလှံ့ဂိုဏ်းချုပ် ကောင်ကျင်းက....

'မင်းရဲ့အဖေဟာ တိုက်ကျားကျွမ်းနဲ့ ဘယ်လို ပတ်သက် နေတယ်ဆိုတာ မင်း သိသလား'

ရှောင်ထောင်းက မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့ဟာ ကျွန်တော့်အဖေကိုလုပ်ကြံဖို့ ကြိုးစားနေကြတဲ့လူတွေဆိုတာ ကျွန်တော်သိပါတယ်'

သိမ်းငှက် ဂိုဏ်းချုပ် ရှုပြန်က....

'မင်းအဖေကို သူတို့က ဘာကြောင့်လုပ်ကြံချင်ရတာလဲ'

ရှောင်ထောင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မသိဘူး'

ဂိုဏ်းချုပ်ငါးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့သည် ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြလေသည်။

တိုက်ကျွားကျွမ်းသည် မည်သို့သောနေရာမျိုးဖြစ်ကြောင်း သူတို့သိထားကြသည်။

တိုက်ကျွားကျွမ်း....။

တိုက်ကျွားကျွမ်း ဟူသော အမည်ကို သိုင်းလောကသားတိုင်း ကြားဖူးထားကြသည်။

သိရှိထားကြလေသည်။

သို့သော်...

တိုက်ကျားကျွမ်းနှင့်ပတ်သက်၍ မည်သူကမှ တိတိကျကျ မပြောနိုင်ကြပါချေ။

တိုက်ကျားကျွမ်းအား အချို့က ကေဇင်းကောင်ဘုံ တစ်ခု ပမာ တင်စားကြသည်။

အချို့က တိုက်ကျားကျွမ်းအား ရေပြည်ပမာ တင်စား ကြသည်။

တိုက်ကျားကျွမ်းသည် ထူးဆန်းသောနေရာတစ်ခု ဖြစ်ပေ သည်။

တိုက်ကျားကျွမ်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် သို့ လောကအတွက် ပဟေဠိပမာ ရှိနေခဲ့သည်။

လူတိုင်းလူတိုင်းသည် အလွန်ထူးဆန်းသော ကိစ္စရပ်တစ်ခု လည်း ဖြစ်လေသည်။

မည်သို့ဆိုစေ...

တိုက်ကျားကျွမ်းဟူသောအမည်ကို ကြားလိုက်ရသည်နှင့် လူတိုင်းသည် ထိတ်လန့်တုန်လှုပ်သွားတတ်ကြလေသည်။

ယခု....

ကိုတ်ချေပ် ငါးယောက် အည့်လည်း တိုက်ကျားကျွမ်းဟူ သောအမည်ကို ကြား၍လိုက်ရသည်နှင့် မျက်စိမျက်နှာပျက် သွား ကြလေသည်။

ရှောင်ဓာတောင်းက မသိမသာ အကဲခတ်ကြည့်နေသည်။

တိုက်ကျားကျွမ်းသည် အလွန်လျှို့ဝှက်သော အဖွဲ့အစည်း တစ်ခု ဖြစ်သည်။

ခုစရိုက်ကိုက်ဟူနာမည်ကြီးနေသည့်တိုင် တိုက်ကျားကျွမ်း တွင် အနက်ရောင်သိုင်းသမားများသာမက အဖြူရောင်သိုင်း သမားများပါ ပါဝင်နေသည်ဟု အဆိုရှိလေသည်။

ထို့ကြောင့်လည်း ယနေ့ထက်တိုင် တိုက်ကျားကျွမ်း၏ လျှို့ဝှက်ချက်ကို မည်သူကမှ ဖော်ထုတ်ခြင်း မပြုနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

မည်သူမဆို....

မိမိတို့၏အဖြစ်ကို ဝန်ခံရန် ဝန်လေးနေကြပေလိမ့်မည်။

တိုက်ကျားကျွမ်းနှင့် ပတ်သက်နေသော အဖြူရောင် သိုင်း သမားများသည် တိုက်ကျားကျွမ်းအကြောင်း၊ လူသိသွားမည်

Scanned with ACE Scanner

ကို အနက်ရောင်သိုင်းသမားတော်ပင် ဖြစ်၍ နိုးမြိုခန်းကြွသည် ဖြစ်ပေတော့သည်။

ယခု—

ချန်ကျွန်းကိုက်ချုပ်ငါးယောက်သည် တိုက်ကျားကျွမ်းနှင့် ပတ်သက်ခြင်း၊ ရှိမရှိ ရှောင်ကောင်းက မသိမသာ အကဲခတ် နေခြင်း ဖြစ်သည်။

သူက အကဲခတ်လိုက်သည့်အခါ ကိုက်ချုပ်ငါးယောက် သည် တိုက်ကျားကျွမ်းဟူသောအမည်ကို ကြားလိုက်ရသည် နှင့် ကြောက်ရွံ့ထိတ်လန့်နေကြောင်း တွေ့လိုက်ရလေသည်။

ရှောင်ကောင်း သက်ပြင်းချလိုက်သည်။

'တိုက်ကျားကျွမ်းက လူသတ်သမားတွေဟာ ကျွန်တော့် အဖေကို လုပ်ကြံဖို့လာခဲ့ကြပါတယ်၊ ဒါပေမယ့် သူတို့ သေ ဆုံးသွားခဲ့ကြတယ်၊ သူတို့ဟာ ကျွန်တော့် အဖေကို ဘာ ကြောင့် လုပ်ကြံချင်သလဲဆိုတာ ကျွန်တော်သိချင်တယ်၊ ဒါ ကြောင့် သိုင်းလောကထဲကို ကျွန်တော် ဆင်းလာခဲ့တာပါ'

ကိုက်ချုပ်ငါးယောက် သက်ပြင်းချလိုက်ကြလေသည်။

ချိန်ဖုံးကိုက်ချုပ် ချိန်ယုက—

'ကျုပ်သိရသလောက်ကတော့ တိုက်ကျောက်ကျွန်းကလူတွေမှာ အကြောင်းမရှိပဲ ဘယ်တော့မှ မလှုပ်ရှားတတ်ကြဘူး၊ သူတို့သိုင်းလောကထဲမှာ ထွက်ပေါ်လာပြီဆိုရင် အရေးကြီးတဲ့အကြောင်းကိစ္စတစ်ခု ဖြစ်ပေါ်လာလို့ ရှိတယ်၊ မင်းရဲ့အဖေဟာ သာမန်ကျေးတောသားတစ်ယောက်ဆိုရင် သူတို့နဲ့ပတ်သက်စရာအကြောင်း ရှိမှာမဟုတ်ဘူး၊'

ဝါးပြဲဂိုဏ်းချုပ် ကျန်းဟောက်က....

'ဒါတော့ ဟုတ်တယ်'

ဟု ထောက်ခံလိုက်လေသည်။

ရွှေလှံဂိုဏ်းချုပ်က....

'ရှောင်ကောင်းရဲ့အဖေဟာ ဘယ်နည်းနဲ့မှ သာမညကျေးတောသားတစ်ယောက် မဖြစ်နိုင်ဘူး၊'

အားလုံးက သူ့ကို ဝိုင်းကြည့်လိုက်ကြသည်။

ကေလူကျုံးက ဆက်ပြောလိုက်သည်။

'ရှောင်ဖေဖေဟာ သာမန်လူတစ်ယောက်ဆိုရင် ရှောင်ကောင်းလို သားတစ်ယောက်ကို မမွေးထုတ်နိုင်ပါဘူးလား'

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။

ဖေခွကျင်းက....

'ရှောင်ကောင်းရဲ့သိုင်းပညာ ဘယ်လိုရှိတယ်ဆိုတာ မင်းတို့ သိကြသလား'

ကျန် ဂိုဏ်းချုပ်လေးယောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှောင်ကောင်း၏သိုင်းပညာ မခမ်းမှန်း အားလုံးသိထား ကြသည်။

သို့သော်....

ရှောင်ကောင်းသည် မည်သို့သောသိုင်းပညာရပ် အသုံးပြု သည်ကို မည်သူကမျှ မခန့်မှန်းနိုင်ကြပါချေ။

ရှောင်ကောင်းသည် သူတို့အတွက် ဗာလွှန်ထူးခြားသော လူတစ်ယောက် ဖြစ်နေ၏။

ဤသို့ဆိုလျှင် ရှောင်ကောင်း၏ ဖခင်သည်....

ရှောင်ကောင်း ထိုင်ရာမှ ထလိုက်သည်။

လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး....

'ကျွန်တော့်ကို သွားခွင့်ပြုပါ ခင်ဗျာ'

ဟူ၍ နှုတ်ဆက်ကာ ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ခဏ....'

ရွှေလှ'ဂိုဏ်းချုပ် ကောဇာကျော်က ဟန့်တား လိုက်လေသည်။

ရှောင်မကောင်း ခေါင်းညိတ်လိုက်သည်။

'တုတ်ကဲ့.... ပြောပါခင်ဗျာ'

ကောဇာကျော်က....

'မင်းဟာ ချုန်ကျုန်၊ သိုင်း ပြိုင်ပွဲကို ဝင်ခဲ့တဲ့အမိကာ အကြောင်းရင်းက တိုက်ကျားကျွမ်းကောသူတွေ မင်းအပေါ် အာရုံခိုက်လာအောင် တမင်လုပ်ကဲ့သဘောပေါ့ဟုတ်လား'

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

ကောဇာကျော်က....

'ကျုပ်တို့ရဲ့လူစုထဲမှာ တိုက်ကျားကျွမ်းနဲ့ပတ်သက်နေတဲ့ လူတွေ ပါဝင်နေလို့များ မင်းယူဆလို့လား'

ဟု မေးလိုက်လေသည်။

ရှောင်ကောင်းက....

'ကျွန်တော်က ဦးတို့ကိုလေးစားပါတယ်၊ တိုက်ကျားကျွမ်း၊ အကြောင်းကိုလည်း ကျွန်တော်အာမှ မသိခဲ့ရပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့လုပ်ရပ် မှားယွင်းနေတယ်ဆိုရင်လဲ ခွင့်လွှတ်ဖို့တောင်းပန်းပါတယ်ဗျာ'

ကောဇာကျော်က သက်ပြင်းချလိုက်သည်။

'မင်းဟာ နှင်းကျွန်းလျှောတွင်းအခေါ်မှာ လိုအပ်ယာမရှိဘူး၊ ဆိုတာကို သိရလို့ ဝမ်းသာပါတယ်၊ တကယ်လို့ မင်းမှာ အခက်အခဲရှိတယ်ဆိုရင် ကျုပ်ကူညီနိုင်ရင် ကူညီပါရစေ'

ကျွန်ုဂိုဏ်းချုပ်မလေးမယ ဘက်ကလည်း ခေါင်းညိတ်ကြလေ သည်၊

'ကျုပ်တို့လဲ အစွမ်းကုန်ကူညီပါ့မယ်'

ဟု ကတိပေးလိုက်ကြလေသည်၊

ရှောင်ကောင်းမှာ ဦးညွှတ်လိုက်သည်၊

'ဦးလေးတို့ရဲ့ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး၊ အခုချိန် လောက်ဆိုရင် တိုက်ကျွေးကျွမ်းက လွှတ်ဟာ ကျွန်တော့်ကို အတိအလ မိလောက်ပါပြီ၊ မကြာခင် သူတို့နဲ့တွေ့ရလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော့်ကိုသွားခွင့်ပြုပါဗျာ၊'

ဂိုဏ်းချုပ်ငါးယောက် ခေါင်းညိတ်လိုက်ကြလေသည်၊

ကောင်ကျင်းက....

'မင်းမှာ အခက်အခဲ တစ်ခုခုကြုံလာရင် ကျုပ်ဆီလာဖို့ မမေ့ပါနဲ့'

'မကျေးဇူးပါပဲခင်ဗျာ'

ရှောင်ကောင်းသည် အားလုံးကိုနှုတ်ဆက်ကာ ထွက်လာ ခဲ့ကြလေသည်၊

များမကြာမီ...

ရွှေခင်တောင်းသည် ချွန်ကျွန်းသိုင်းပြိုင်ပွဲ၌ ပထမရသူ သည့် သတင်းသည်လည်းကောင်း၊ တိုက်ကွန်းကျွန်းနှင့်ပတ်သက်နေသူများအား လိုက်လံရှာဖွေနေသည်ဆိုသော သတင်းသည် လည်းကောင်း၊ သိုင်းလောကသို့ ပျံ့နှံ့သွားခဲ့လေသည်။

## တုံ့ပြန်မှု

ည…

ကောင်းကင်ခေါင်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက် တောက်ပနေသည်။

ကြယ်ရောင် လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာ လှပနေလေသည်။

အေးမြသော ညလေအေးများက ညင်ညင်သာသာတိုက် ခတ်နေသည်။

ညမွှေးပန်းရနံ့များလွင့်ပျံ့နေသည်။

မိုးစုန်းကြူးကလေးများက ဟိုမှသည်မှ ရွေ့လျားနေ၏။

သာယာလှပသော ညတစ်ညဖြစ်ပါသည်။

ချောင်ကောင်းက ကောင်းကင်ပေါ်မှလမင်းကို ငေးမော ကြည့်နေမိသည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ် ခံစားနေရလေသည်။

တစ်ချိန်က....

မိမိကိုယ်ကို အထင်ကြီးစိတ်ဝင်ခဲ့သည်။

မိမိလုပ်ရပ်များ မှန်ကန်သည်ဟု ယူဆခဲ့သည်။

ထို့ကြောင့်လည်း အမှားများနှင့်ကြုံတွေ့ရပြီး ဒုက္ခရောက် ခဲ့ရသည်။

ယခု....

သူက အမြင်မှန်ရလာပြီဖြစ်သည်။

ထို့ပြင်....

သူ၏ဘဝအတွက် လျှို့ဝှက်ချက်များကိုဖော်ထုတ်ရန် ဆုံး ဖြတ်ထားပြီးဖြစ်သည်။

ချန်ကျန်းသိုင်းပြိုင်ပွဲ၌ သူ၏အစွမ်းအစကို ထုတ်ဖော်ပြ နိုင်ခဲ့ပြီဖြစ်လေသည်။

လူ့အား ကိုယ်ကျိုးကျွမ်းထား စိတ်ဝင်စားလာသည်ဟု ယုံကြည်မိသည်။

သူ၏ဖခင်အား စိတ်ဝင်စားလျှင် သူ့ကိုလည်း စိတ်ဝင်စား လာနိုင်သည်မဟုတ်ပါလား။

ရုတ်တရက်....

'ဂီ....'

ညဉ့်ငှက်တစ်ကောင်က ဝူးရှူးဝေါဝေါအော်ဟစ်ကာ ပြ
သန်းသွားသည်။

ချောင်ကောင်း ခြေလှမ်းတွန့်ခနဲရပ်လိုက်သည်။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

'မင်းမဆိုးဘူး'

အေးတိအေးစက်အသံတစ်ချက်ထွက်ပေါ်လာသည်။

သစ်ပင်များကြားမှ လူရိပ်တစ်ခုလှုပ်ရှားသွားပြီး ချော
ကောင်း၏ရှေ့သို့ လူတစ်ယောက်ရောက်ရှိလာသည်။

လရောင်ဖြင့် ထိုလူအား သေသေချာချာတွေ့မြင်လိုက်
လေသည်။

အဘွားအိုတစ်ယောက်....

ခန္ဓာကိုယ် ပိန်လှီချည့်နွဲ့နေသော အဘွားအိုတစ်ယော
ဖြစ်ပါသည်။

ဆံပင်များဖွေးဖွေးလှုပ်အောင် ဖြူဖွေးနေပြီး အသ
ခြောက်ဆယ်ခန့်ရှိမည်ဟု ထင်ရသည်။

ပါးရေနားရေတွန့်တာအိုမင်းမစွမ်းရှိနေပြီဖြစ်သော်လည်း
ထိုအဘွားအို၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်
ပနေသည်။

သူမရောက်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွ
သည်ဟု ထင်မှတ်ရလေသည်။

ချောင်ကောင်းက သတိထားပြီး ရနေလိုက်သည်။

အဘွားအိုသည် ချောင်ကောင်းအား ခြေဆုံးခေါင်း
အကဲခတ်ကြည့်လိုက်ပြီး

'မင်းက ရှောင်ကောင်း ဟုတ်လား'

ဟု မေးလာခဲ့လေသည်။

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဘွားဘွားအ....'

အဘွားအိုက....

'ကျုပ် ဘယ်သူလဲဆိုတာ အရေးကြီးပါဘူး၊ မင်းဟာ ချန်ကျူန်းသိုင်းပြိုင်ပွဲမှာ ပြိုင်ဘက်မရှိ တံဆိပ်ဆုကို ဆွတ်ခူး နိုင်ခဲ့ တယ်ဆိုတာ အမှန်ပဲလား'

ရှောင်ကောင်းက အဖြေမပေးဘဲ ပြုံး၍နေလိုက်လေသည်။

အဘွားအိုက....

'ချန်ကျူန်းသိုင်းပြိုင်ပွဲကို ပေါ့ပေါ့တန်တန်သဘောထားလို့ မရဘူး၊ မင်းက ပထမဆုရခဲ့တယ်ဆိုတာ အတော်ကို ထက်မြက်နေလို့ပဲ ဖြစ်ရမယ်'

ရှောင်ကောင်းက ပြုံးနေဆဲ....

အဘွားအိုက ဆက်ပြောလိုက်သည်။

'ကျုပ် သတင်းကြားမိတယ်၊ မင်းဟာ ပြိုင်ဘက်အားလုံး ကို တစ်ချက်အတွင်း အနိုင်ယူခဲ့တယ်၊ ဒါဆိုရင်....ဘယ်လို

သိုင်းကွက်များကို အသုံးပြုပြီး အနိုင်ယူသွားတာပေါ့ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဒါအမှန်ပဲလား'

ရွှောင်ကျောင်း ရယ်မောလိုက်သည်။

'ဘယ်လိုသိုင်းကွက်ကို အသုံးပြုခဲ့တယ်ဆိုတာ ကျွန်တော် သိပါတယ်'

အဘွားအိုက....

'မင်းကလွဲပြီး ဘယ်သူမှမသိကြဘူး ဆိုပါတော့'

'ဝါကဲ....'

'ချန်ကျွန်းကိုထိုးချုပ် ငါးယောက်ကတောင် မင်းရဲ့ သိုင်းကွက်ကို မသိခဲ့ကြတာ အံ့ဩစရာပဲ'

ရွှောင်ကျောင်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်တော့်ရဲ့ သိုင်းပညာကို သိခဲ့လျှင် သိနေကြမှာပါ ခင်ဗျာ'

အဘွားအိုက....

'အင်း....ကျုပ်သာ တွေ့ခဲ့ရမယ်ဆိုရင် သိကောင်း သိနိုင်တာပေါ့'

ရွှောင်ကျောင်း စိတ်ဝင်စားသွားခဲ့သည်။

'ဘွား၊ဘွား...ကာဂယ်မပြောတော့ဘူး'

အဘွားအို ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

'ဒါဖြင့်'

'စိတ်ချ ကျုပ်က မင်းရဲ့ပညာကို စမ်းကြည့်ချင်လို့ လာတာ'

ရွှေခင်ကောင်း သတိထားပြီးနေလိုက်လေသည်။

အဘွားအို မျက်နှာသည်သွားသည်။

ရွှေခင်ကောင်းအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီ....

'ကျုပ်ဆီ မင်းရဲ့ပညာကို စမ်းကြည့်မယ်ဆိုရင်တော့'

ရွှေခင်ကောင်းက....

'ကျွန်တော်က ဘယ်လိုသိုင်းပညာမျိုး အသုံးပြုနိုင်မယ်ဆိုတာကို အဘွားပြောနိုင်ပါ့မလား'

အဘွားအို၏ မျက်လုံးများ ပို၍ တောက်ပြောင်လာလေသည်။

'စိတ်ချ ကျုပ် ပြောနိုင်ပါလိမ့်မယ်'

ရွှေခင်ကောင်း ကျေနပ်သွားလေသည်။

အဘွားအိုအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီ....

"ဘုရားဘုရားကို ပျော့ရွှေ့ထောင်ဝါတယ်ဗျာ'

အဘွားဒို ပြုံးလိုက်သည်။

'ကောင်းပြီ...မင်း သတိထားပေတော့'

စကားဆုံးလျှင်လက်ဝါးနှစ်ဘက် ရှေ့ဆန့်ထုတ်ကာ စလှ
ဂိုဏ်းနိုက်လိုက်လေတော့သည်။

❖ ❖ ❖

အဘွား အိုက စောင်တိုက်ခိုက်လိုက်ပြီး ဖြစ်လေသည်။

‘ဟား’

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

ပြင်းထန်သော တင်အားတစ်ခုသည် ချောင်ကောင်းထံသို့ တိုးဝင်လာလေသည်။

အဘွားအို၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်း အောင် ပြင်းထန်သည်မဟုတ်ပါလော။

သို့သော်....

ထိုပြင်းထန်မှု၏နောက်ကွယ်တွင် အင်အား ပျော့ပျောင်း နေသည်။

ဟာကွက်တော့မဟုတ်ပါ။

ဟာကွက် မဟုတ်သည့်အတွက် ဟန်ပြတိုက်ကွက် ဖြစ် ကြောင်း ခွဲခြား၍ ရလေသည်။

ချောင်ကောင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေပဲ....

‘ယား’

Scanned with ACE Scanner

ညှာသံပေးကာ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

အဘွားအို၏ ပြင်းထန်သော တိုက်စစ်ကွက် ဖြင့် ပြန်လည်
ဆိုင်လိုက်လေသည်။

ထိုမျှမကသေး။

ပထမသိုင်းကွက်ပြီးသည်နှင့် ဒုတိယသိုင်းကွက်ကို ဆ
လက်ဖော်ထုတ်လိုက်သည်။

ပထမသိုင်းကွက်သည် အဘွားအို၏ ပြင်းထန်သောကို
ကွက်ကို ရင်ဆိုင်လိုက်ပြီး အဘွားအိုက သိုင်းကွက်မပြော
မီ ဒုတိယသိုင်းကွက်ဖြင့် ဆက်လက်တိုက်ခိုက်လိုက်သော
ဆောင်ချက်ဆင်ထားသော အဘွားအိုမှာ အငိုက်မိသွ
တော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

အဘွားအိုမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရှာ
သည်။

ရွှေခင်ကောင်းက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်
လိုက်လေသည်။

Scanned with ACE Scanner

ဓေကာ္ဒရကျောင်းက....

'လူ့နာမည် ခေတ္တါလွှဲခေါ်တယ်၊ သိုင်းလောကထဲမှာ ခြေလုံးအိမ်တိုင် မလျှောက်သွားနေတဲ့ လူတစ်ယောက်ပေါ့'

'ဒါဖြင့် သူ့ကိုလိုက်ရှာဖို့ ခက်မှာပေါ့'

'အေး....တော်ရုံတန်ရုံတွေ့ဖို့မလွယ်ဘူး၊ဒါပေမယ့် သူဟာ ခုနှစ်လပိုင်းရောက်ရင် မြင်းဖြူဘုံကျောင်းကို ရောက်လာလေ့ ရှိတယ်'

ရှောင်ကောင်း ဝမ်းသာသွားလေသည်။

'ကျွန်တော်က မြင်းဖြူဘုံကျောင်းကို သွားမယ်ဆိုရင် သူ့ ကို တွေ့ရမှာပေါ့နော်'

'ဒါပေါ့'

ရှောင်ကောင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

'ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျား မြင်းဖြူဘုံကျောင်းကို ကျွန်တော် အရောက်သွားပါမယ်'

ဓေဓာစူကျောင်းက....

'မင်းနဲ့အဖြစ်က အတော်ကို ထူးဆန်းတယ်၊ မင်းပြောခဲ့တဲ့ စကားတွေဟာ တိုက်ကျားကျွမ်းကို စိန်ခေါ်နေသလို ဖြစ်နေတယ်၊ တိုက်ကျားကျွမ်းတဲ့လူတွေဟာ မင်းကို စိတ်ဝင်စားသွားကြတော့မှာပဲ'

ရှေ့ခင်မောင်း သက်ပြင်းချလိုက်သည်။

'သူတို့က ကျွန်တော့်ကို စိတ်ဝင်စားကြတယ်ဆိုရင်တော့ခင်၊ တော်ပေါ့ ခင်ဗျာ၊ ဒါမှ ကျွန်တော့် အဖေ ဘယ်သူ ဘယ်ဝါ ဆိုတာကို ဖော်ထုတ်နိုင်မှာပေါ့'

ကောစုကျင်းက....

'မင်းအဖေဟာ လူဆိုးတစ်ယောက် ဖြစ်နေတယ် ဆိုရင်ကော'

'ကျွန်တော့် ယိုက်နဲ့ ကျွန်တော့် ကံပေါ့ခင်ဗျာ'

'အင်း....မင်း ကံကောင်းပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါမယ်'

'ကျေးဇူးပါပဲဗျာ'

ရှောင်ခကောင်းသည် ကောစုကျင်းကိုဦးညွှတ်ကာ ထွက်လာခဲ့လေတော့သည်။

Scanned with ACE Scanner

ထိုစဉ်...

'ခဏနေဦး'

ဆော့ကျောင်းက ဟန့်တားလိုက်လေသည်။

ရှောင်ကောင်း ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်သည်။

ဆော့ကျောင်းက....

'ရှောင်ကောင်း ခုချိန်ထိပြီ၊ မင်း သတိထားရင်ကောင်းမယ်'

'ဗျာ....'

'တိုက်ကျော်ကျော်းက သူ့လူတွေက မင်းကို အလွတ်ပေးကြမှာ မဟုတ်ဘူး၊ အေး....သိုင်းလောကသားတွေကလဲ မင်းကို စိတ်ဝင်စားနေကြပြီ၊ ဧွေ့ဧောက မင်းကို တုံဘ်ဖိုက်ခဲ့တဲ့ အဘွားအို ဘယ်သူ ဘယ်ဝါလဲဆိုတာကို မင်းသိသလား'

ရှောင်ကောင်း ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး ခင်ဗျာ'

ဆော့ကျောင်းက....

'အေး...သူဟာ တိမ်လွှာဂိုဏ်းက လူတစ်ယောက်ပဲ၊ တိမ်လွှာဂိုဏ်းဟာ သိုင်းလောကမှာ နာမည်ကြီး ဂိုဏ်းတစ်ခုပဲ ဖြစ်တယ်'

သိုင်းလောကမှ အဖြူရောင်သိုင်းသမားများသည် လည်းကောင်း၊ အနက်ရောင် သိုင်းသမားများသည် လည်းကောင်း မိမိအား စိတ်ဝင်စားနေကြပြီ ဖြစ်ကြောင်း ရှောင်ကောင်း နားလည်လိုက်သည်။

'ကျွန်တော် သတိထားပါ့မယ် ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

ကော့ကျင်းက....

'ချန်ကျွန်းဒေသက ထွက်သွားတဲ့နေ့ တိမ်လွှာဂိုဏ်း ကျက်စားတဲ့ နယ်မြေတွေကို ဖြတ်သွားရလိမ့်မယ်၊ မင်း သတိထားပါ'

'ဟုတ်ကဲ့....ကျွန်တော် သတိထားပါ့မယ်'

'ကောင်းပြီ၊ မင်း သွားနိုင်ပါပြီကွယ်'

ရှောင်တောင်း ထွက်လာခဲ့လေတော့သည်။

## မိန်းမလှလေး

---

သုံးရက်....

သုံးရက်ဟူသော အချိန်ကုန်သွားပြီ ဖြစ်လေသည်။

ရွှေခင်ကောင်းတော ခရီးပြင်းနှင်လာခဲ့ရာ စစ်ကွမ်းဟု အမည်ရှိသော မြို့သို့ ရောက်ရှိလာခဲ့လေသည်။

စစ်ကွမ်းမြို့မှ နေ့ဝက်ထပ် ငါးရက်ခန့် ခရီးဆက်လိုက်လျှင် မြင်းမြူဘုံကျောင်းတည်ရှိသည့် ပေါင်ချီမြို့သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

ရွှေခင်ကောင်းမှာ စစ်ကွမ်းမြို့သို့ ရောက်လာသောအခါ၊ အတော်ပင် ခရီးပန်းနေပြီဖြစ်ပါသည်။

သို့ကြောင့် စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်အနားယူ စားသောက်လိုက်လေသည်။

စားသောက်ဖွယ်ရာများကား အရသာရှိလှသည်။

ဗိုက်ဆာနေပြီဖြစ်၍ ရှောင်ကောင်းက အားရပါးရ စားသောက်လိုက်လေသည်။

ထိုစဉ်....

'ကျွန်မ ဒီစားပွဲမှာ ထိုင်လို့ရမလားဟင်'

ချိုလွင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကောင်း ခေါင်းမော့ကြည့်လိုက်ရာ ချောမောလှပသော မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကောင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'မင်းက....'

'ကျွန်မကို ထိုင်ခွင့်ပြုပါလားရှင်'

ဟု ခွင့်တောင်းလာလေသည်။

ရှောင်ကောင်း ပျာပျာယာယာ ဖြစ်သွားသည်။

'ထိုင်ပါ...ထိုင်ပါ၊ ထိုင်နိုင်ပါတယ်'

မိန်းကလေးက....

'ကျေးဇူးပါပဲရှင်'

သူမသည် ရှောင်ကောင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

တစ်ဖန်....

Scanned with ACE Scanner

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ စားသောက်ဖွယ်ရာများ မှာကြား၊ စားသောက်လိုက်လေသည်။

သူ့မထံမှ ကိုယ်သင်းနံ့လေး လွင့်ပျံ့နေပါသည်။

လှပချောမောသော မိန်းကလေးတစ်ယောက်နှင့် အတူထိုင်ခနရသဖြင့် ယူ၏စိတ်ထဲ မယုံမလဲ ဖြစ်နေပါသည်။

ထိုမိန်းကလေးသည် မည်သူ ဖြစ်ပါသနည်း။

အဘယ်ကြောင့် အခြား စားပွဲလွတ်များ ရှိနေသည့်တိုင် သူ၏စားပွဲသို့ လာရောက် ထိုင်ရပါသနည်း။

စားသောက်ဖွယ်ရာများရောက်လာလျှင် မိန်းကလေးက....

'စားပါဦးရှင်'

ရှုဇင်ကောင်းကို ကျွေးမွေးလေသည်။

ရှောင်ကောင်းက....

'ကျေးဇူးတင်ပါတယ်၊ ကျုပ် စားပြီးပါပြီ'

မိန်းကလေးက....

'အစ်ကိုက ဒီမြို့ကမဟုတ်ဘူးထင်တယ်'

ဟု မေးလာခဲ့သည်။

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ခရီးသွားတစ်ယောက်ပါ'

'ကျွန်မလဲ ခရီးသွားတစ်ယောက်ပါရှင်'

'ဪ'

မိန်းကလေးက...

'ကျွန်မနာမည် စုစုလို့ခေါ်ပါတယ်၊ အစ်ကိုကရော'

'ကျုပ်က ရှောင်ကောင်းပါ'

'ဟုတ်ကဲ့...မှတ်ထားပါ့မယ်ရှင်၊ ဒါထက် အစ်ကိုက ဘယ်သွားမလို့လဲဆိုတာ ပြောနိုင်မလား'

'ကျုပ်က ပေါင်ချိမြို့ကို သွားမလို့ပါ'

မိန်းကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့လေသည်။

'ဟင်...ပေါင်ချိမြို့ကိုသွားမှာလို့ ဟုတ်လား၊ ကျွန်မလဲ အဲ့ဒီကို သွားမလို့ပါ'

'ကြော်'

ခရှာင်ကောင်းက ခေါင်းညိတ်ပြလိုက်လေသည်။

စုစုက....

'ကျွန်မတို့နှစ်ယောက် အတူသွားကြရင် မကောင်းဘူးလား'

'ဟင်'

'ကျွန်မလဲ တစ်ယောက်ထည်း ခရီးသွားရမှာ ဆိုတော့ အစ်ကိုနဲ့အတူ သွားရမယ်ဆိုရင် အားဖော်ရတာပေါ့'

ခရှာင်ကောင်းက...

'မင်းက ပေါင်ချို့မြို့ကိုသွားမယ် ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'ကောင်းပြီလေ ကျုပ်ကို အတူတူသွားကြတာပေါ့'

ခရှာင်ကောင်း သဘောတူလိုက်လေသည်။

စုစု ဝမ်းသာသွားလေသည်။

'ဝမ်းသာလိုက်တာရှင်'

သူမ ပျော်ရွှင်နေသည်ကိုကြည့်ကာ ရှောင်ကောင်း ပြုံးလိုက်မိလေသည်။

စုစုသည် မည်သို့သောမိန်းကလေးမျိုး ဖြစ်ပါသနည်း။

စုစုက စားသောက်ပြီးစီးသွားသောအခါ ကျသင့်ငွေကို ပေးချေလိုက်ပြီး....

'ကျွန်မတို့ သွားကြတော့မလား'

ဟု မေးလိုက်လေသည်။

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့နှစ်ယောက် ထိုင်ရာမှ ထလိုက်ကြလေသည်။

ထိုစဉ်....

'မင်းဘယ်ပြေးမလဲ'

အော်ဟစ်သံ ထွက်ပေါ်လာသည်။

လူငါးယောက် ဆိုင်ထဲဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငါးယောက်သည် ချက်ချင်း အနီးသို့ ရောက်ရှိလာပြီး ရှောင်ကောင်းတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်ကောင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ခင်ဗျားတို့က'

ထိုလူငါးယောက်သည် ရှောင်ကောင်းအား မျက်နှာသိ မျက်နှာသားဖြင့် ကြည့်လိုက်ပြီး.....

'ဟော့ကောင် မင်းနဲ့မဆိုင်ဘူး၊ မင်းထွက်သွားစမ်း၊'

ဟု ဝေါက်လိုက်ကြလေသည်။

ရှောင်ကောင်း ခံပြင်းသွားလေသည်။

'ကျုပ် ထွက်မသွားဘူးဆိုရင်ရော'

'ဩော်....မင်းသေချင်နေတာကိုး၊'

ထိုလူငါးယောက်သည် ရှောင်ကောင်းအား တိုက်ခိုက်ရန် ချက်ချင်းဟန်ပြင်လိုက်ကြလေသည်။

စုစုက ထရပ်လိုက်ပြီး....

'ရှင်တို့က ကျွန်မအတွက်လာခဲ့တာမဟုတ်လား၊ သူနဲ့ဘာမှ မဆိုင်ဘူး၊'

ဟု ပြောလိုက်လေသည်။

ထိုလူငါးယောက်က....

'ဟုတ်တယ်၊ မင်း အေးအေးဆေးဆေး လိုက်ခဲ့စမ်း၊'

'စုစုံ သ...

'ဗိုလ်ချုပ် ကျွန်မလိုက်ခဲ့မယ်၊ သူ့ကို သွားရှာအောင်'

ဟု ပြောကာ မြို့ဆုံးမှလှမ်းထွက်သွားလေသည်။

ရှောင်ကောင်း မျက်စမှောင်ကြုတ်သွားပြီး....

'ရပ်လိုက်'

ဟု ဟန့်တားလိုက်လေသည်။

စုစုထ ခြေလှမ်းရပ်သွားသည်။

ထိုလူငါးယောက်တလည်း လှည့်ကြည့်လာကြလေသည်

ရှောင်ကောင်းက...

'ခင်ဗျားတို့က ဘာကြောင့် သူ့ကိုဒုက္ခပေးချင်ရတာလဲ'

ဟု မေးလိုက်လေသည်။

ထိုလူငါးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူက—

'သူဟာ ကျုပ်တို့ကိုဒုက္ခမပေးခဲ့လို့ သူ့ကိုလာဖမ်းတာ ဘာဖြစ်လဲ'

ရှောင်ခကောင်းက....

'သူက ဘယ်လိုဒုက္ခပေးခဲ့သလဲဆိုတာပြောပါဦး၊'

ထိုလူက....

'ကျုပ်တို့ဂိုဏ်းသားတွေကို သူကတိုက်ခိုက်ခဲ့လို့ပဲ'

ချောင်ကောင်းမျက်ခမှောင်ကြုတ်သွားသည်။

စုစုအားလှမ်းကြည့်လိုက်ပြီး....

'သူမပြောတာအမှန်ပဲလား'

ဟု မေးလိုက်လေသည်။

စုစုက....

'သူတို့ဟာ ဝူစန်းတံတားကဖြတ်သွားတဲ့ လူတွေဆီက တံတားဖြတ်ခအောက်ခံနေတာကို မသာယာဘူးလို့ ကျွန်မသခင်မိတ္တာကြောင့် တိုက်ခိုက်ခဲ့တာပါရှင်'

ဟု ရှင်းပြလေသည်။

ရှောင်ခကောင်းက ဗိုင်းရုံသားသူငါးယောက်တို့ ကြည့်လိုက်ပြီး....

Scanned with ACE Scanner

'ခင်ဗျားတို့က'

လူစစ်စကားမဆုံးမီ ခေါင်းဆောင်ဖြစ်သူက ကြားဖြတ် ပြောလိုက်လေသည်။

'ငွေစနစ်တံတားဟာ ငွေစနစ်ချောင်းကိုဖြတ်ကျော်သွားလာ နိုင်အောင် ကျုပ်တို့ ခေါင်းစိမ်းဂိုဏ်းက အကုန်အကျခံပြီး ဆောက်လုပ်ထားတာပါ။ ဒါကြောင့် ငွေစနစ်တံတားကို အသုံးပြုဖြတ်သန်းသွားကြသူတွေဆီက အခွန်အခ ကောက် ခံခြင်း ဖြစ်ပါတယ်'

ဟု ရှင်းပြလေသည်။

ရှောင်ကောင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေ၏။

စုစုဆာ....

'သူတို့က အခွန် အတုတ် ကောက်တယ်ဆိုတာ ကိုယ့် သဘောနဲ့ကိုယ် ထင်သလိုကောက်နေကြတာ သူတို့ သဘော မကျတဲ့လူဆိုရင် တံတားပေါ်ကနေတောင် ဖြတ်သွားခွင့်ပြုတာ မဟုတ်ဘူးရှင့်....

ဟု ဝင်ပြောလေသည်။

ရှောင်ကောင်းသာ....

'ဒါအမှန်ပဲလား၊'

ဟု မေးလိုက်လေသည်။

ထိုလူက....

'ကျုပ်တို့ ဒေါင်းစိမ်းဂိုဏ်းကို ဂရုမစိုက်တဲ့လူတွေ၊ နှောက်ယှက်မယ့်လူတွေကိုတော့ ဖြတ်သန်းခွင့်မပြုပါဘူးဗျာ'

ရှောင်ကောင်း ငိုင်သွားသည်။

ဒေါင်းစိမ်းဂိုဏ်းနှင့် ပတ်သက်ပြီး အပြစ်ပြောစရာမရှိဟု တွေးလိုက်မိလေသည်။

ထိုလူက စုစုအား လက်ညှိုးညွှန်ကာ....

'သူဟာ တံတားပေါ်ကဖြတ်ပြီး ကျုပ်တို့ဂိုဏ်းသားတွေကို ဒုက္ခပေးခဲ့တယ်၊ ဒါကြောင့် သူ့ကို အပြစ်ပေးအရေးယူဖို့ လိုက်ဖမ်းနေကြတာပါ၊ မင်းနဲ့ ဘာမှဆိုင်ဘူး၊ အေးအေးဆေးဆေးဖယ်နေလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်'

ရှောင်ကောင်းမှာ ဘာပြောရမှန်းမသိ ဖြစ်နေပါသည်။

စုံစုက....

'ကျွန်မရဲ့စိတ်ထဲမှာ မတရားဘူးထင်လို့လုပ်မိတာပဲ၊ ကျွန်မ ဘာကြောင့်တောင်းပန်ရမှာလဲ'

ဟု နှုတ်ခမ်းစူကာပြောလိုက်သည်။

ဒေါင်းစိမ်းဂိုဏ်းမှလူက....

'အေး..... ဒေါင်းစိမ်းဂိုဏ်းကိုနှောက်ယှက်တာ ကျုပ်တို့ကလည်းလက်မခံဘူး၊ မင်း၊ အေးအေးဆေးဆေး လိုက်ခဲ့ပါ'

'ကျွန်မကမလိုက်ဘူးဆိုရင်ရော'

Scanned with ACE Scanner

'ကောင်းပြီ ကျုပ်တို့မခေါင်းစိမ်းဂိုဏ်းအကြောင်းပြရဦးမ တာပေါ့'

စကားဆုံးလျှင် ထိုက်နိုက်ရှန် ဟန်ပြင်လိုက်လေသည်။

စုစုက....

'ဆိုင်တဲ့မှာမကောင်းပါဘူး။ အပြင်ကိုသွားကြရအောင်'

ဟု ပြောကာ ခပ်သွက်သွက်ထွက်သွားသည်။

ခေါင်းစိမ်းဂိုဏ်းသား ငါးယောက်လည်း လိုက်သွားကြ သည်။

ရှောင်ဟောင်းကား ငေးငိုင်ကာ ကျန်ရစ်ခဲ့လေတော့ သည်။

* * *

ရှောကောင်း ငေးငိုင်နေမိသည်။

အာတော်ကစားကြားမှ သဟိဝင်လာသည်။

ဆိုင်အပြင်ဘက်၌ လှမ်းထွက်လိုက်သည်။

ထိုအခါ....

စုစုက မလှုပ်မယှက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖကောင်း အံ့သြသွားလေသည်။

'မင်း၊ တစ်ယောက်ထဲလား'

ဟု မေးလိုက်လေသည်။

စုစု ပြုံးလိုက်လေသည်။

'ရှင်က....ဘယ်နှစ်ယောက်ကို တွေ့လို့လဲ'

'မင်း....'

'သူတို့က ကျွန်မကို ဒုက္ခပေးချင်ကြတယ်၊ ဒါပေမယ့် သူတို့ ဘာမှမတတ်နိုင်ကြဘူးဆိုတာ သိသွားကြပြီလေ'

ရှောင်ဖကောင်းသည် စုစုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'မင်းက သိုင်းပညာတက်ဘယ်ဟုတ်လား'

ဟု မေးလိုက်လေသည်။

စုစုက ရယ်မောလိုက်သည်။

'သိုင်းပညာဆိုတာ ကျွန်မအတွက် ထမင်းစားရေသောက် ပညာရပ် တစ်ခုပါပဲရှင်'

ရွှေခင်ကောင်း သက်ပြင်းချလိုက်လေသည်။

စုစုသည် ခေသူမဟုတ်သည့်အပြင် အကြောက်အလန့်မရှိသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း၊ ဆင်ခြင်မိလိုက်လေသည်။

ထို့ကြောင့် ဘာမှမပြောဘဲ လှည့်ထွက်လာခဲ့လေသည်။

စုစုက...

'ရှင်...ဘယ်သွားမလို့လဲ'

ဟု မေးလာလေသည်။

ရွှေခင်ကောင်းက...

'ကျုပ် သွားတော့မယ်'

'ရှင်...ဘယ်သွားမလို့လဲ'

'ဘျုပ်က....ပေါင်ချိုမြို့ကို သွားမယ်လေ'

'ဟို....ရှင်တစ်ယောက်ထဲသွားမလို့လား'

ရွှေခင်ကောင်းဘာ မျက်မှောင်ကြုတ်ကာ လှည့်ကြည့်လိုက်လေသည်။

စုစုက....

'ရှင်တစ်ယောက်ထဲသွားလို့ ရမလား၊ ကျွန်မလဲ လိုက်မှာပေါ့ရှင်'

'မင်း....'

'ကျွန်မဟို အတူတူသွားမယ်လို့ ရှင်ပြောထားတာပဲ'

ရွှေခင်ကောင်း ခေါင်းခါလိုက်သည်။

'ကျုပ်မသွားနိုင်တော့ဘူး'

'ဘာရှင့်'

'မင်းဟာ သာမန်မိန်းကလေးတစ်ယောက်မဟုတ်ဘူး၊ မင်းမှာ ပြဿနာတွေရှိနေတယ်၊ ဒါကြောင့် မင်းနဲ့အတူတူမသွားနိုင်ဘူး'

စုစုက....

'ရှင်လက်မခံရင်လဲ ကျွန်မ အတင်းလိုက်မှာပဲ'

'မင်း....'

ရွှေခင်ကောင်း မကျေမနပ်ဖြစ်လာသည်။

စုစုက....

'ရှင်က ကျွန်မကိုကူညီနိုင်မယ့်လူတစ်ယောက်ဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့် ရှင့်နောက်ကို လိုက်ရမှာပဲ'

ရွှေခေါင်းက....

'မင်းဘာသိလို့မပြောသိုက်တာလဲ၊ ကျုပ်က မင်းကို ကူညီမယ်ဟုတ်လား၊'

'ဟုတ်တယ်လေ။ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာကို ရှင်ကူညီရမှာပေါ့'

'ဘာဆိုင်လို့လဲ၊ မင်းနဲ့ကျုပ် သိမှမသိတာ'

စုစုက လက်မခံပါချေ။

'မရဘူး... ရှင်နဲ့ကျွန်မ စားသောက်ဆိုင်ထဲမှာ မိတ်ဖွဲ့ပြီးပြီလေ'

'မင်း....'

ရွှေခေါင်းလည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

စုစုက....

'ရှင်ဟာ ချန်ကျုန်း၊ သိုင်းပြိုင်ပွဲမှာ ပထမဆုရခဲ့တယ်ဆိုတာ ကျွန်မသိထားတယ်၊ ရှင်က ကျွန်မကိုကူညီနိုင်မယ်ဆိုတာ ယုံကြည်ထားတယ်လေ'

ရှောင်ခကောင်းသည် စုစုအား၊ စိတ်ပျက်စွာဖြင့် ကြည့်လိုက်သည်။

*

ထို့နောက် စကားတစ်လုံးမှမပြောတဲ့ ချာခန် ရှေ့ကထွက်သွားလေတော့သည်။

စစ်ကွမ်းမြို့သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ရှောင်ကောင်းသည် စုစုကိုကျောခိုင်းကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

စုစုက သူ့အား မည်သို့ပင် အဘောမထားပါစေ၊ သူက အမှုထားမည် မဟုတ်ပါ။

အကျဉ်းထောင်ထဲ၌ ဆယ်နှစ်လုံးလုံး နေထိုင်ခဲ့ပြီးနောက် အတွေ့အကြုံ ရင့်ကျက်သူတစ်ယောက် ဖြစ်လာခဲ့ပြီ မဟုတ်ပါလော။

သူ၏ နောက်ကြောင်းရာဇဝင်အား မည်သူကမှ သိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။

ရုပ်တရက်ဆိုလျှင် ရိုးသားဖြူစင်သော လူငယ် လူရွယ် တစ်ယောက်သာ ထင်မှတ်ကြလိမ့်မည် မဟုတ်ပါလော။

ရှောင်ကောင်းက ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာခဲ့ရာ ထစ်နေရာသို့အရောက်တွင်....

'ရပ်လိုက်စမ်း'

အော်ခေါ်လိုက်သံနှင့်အတူ လမ်းကြားသစ်ပင်များကြားမှလူ ငါးယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကောင်း၏ ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

လမ်းပိတ်ရပ်လိုက်သူ ငါးယောက်အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်လေသည်။

ထိုလူငါးယောက်မှာ ချွန်ကျွန်းသိုင်းပြိုင်ပွဲတွင် ကာင်ရှုံးခဲ့သော လူငါးယောက်ဖြစ်လေသည်။

လုံဖေး၊ ဝူတောက်၊ ချီကျုံး၊ ဟန်ဆွေဖုံးနှင့် ဝါးခမ တို့ဖြစ်ကြသည်။

လုံဖေးတို့သည် ရှောင်ကောင်းအား မျက်ချင်း ဖိုင်းရုံးသား လိုက်ကြလေသည်။

'မင်းတို့ဟာ ချွန်ကျွန်းသိုင်းပြိုင်ပွဲရဲ့ အနိုင်အရှုံးအပေါ်ကို မကျေနပ်လို့ လာခဲ့ကြတာမဟုတ်လား'

ဟု မေးလိုက်လေသည်။

လုံဖေးက...

'ဟုတ်တယ်၊ ခင်ဗျားရဲ့ မကောင်းဆိုးဝါးသိုင်းပညာကို ချေဖျက်ပစ်ဖို့ ကျုပ်တို့ လာခဲ့ကြတာပဲ'

ရှောင်ကောင်းက ရယ်မောလိုက်လေသည်။

'ကျုပ်က ပထမဆုကို မက်မောလို့ ချွန်ကျွန်းသိုင်းပြိုင်ပွဲကို ဝင်ပြိုင်တာမဟုတ်ဘူးဆိုတာ မင်းတို့ နားလည်ဖို့ ကောင်းတယ်'

လုံဖေးက...

'ခင်ဗျားတော တိုက်ကွက်ထူးကျွမ်းအကြောင်း လိုက်ပြီးစုံစမ်း နေတယ်လို့ ကျုပ်တို့ သိနေတယ်'

ရှောင်ကောင်းက...

'ဒါ အမှန်ပဲ'

'တိုက်ကွက်ထူးကျွမ်းအကြောင်း ခင်ဗျား ဘယ်လောက် သိ ချင်လို့လဲ'

'မင်းကရော ဘယ်လောက်သိလို့လဲ'

'ဟား...ဟား...ဟား'

လူဖေးက ဟားတိုက်ရယ်မောလိုက်ပြီး....

'တိုက်ကျားကျွမ်းကလူတွေဟာ ခင်ဗျားကို သုတ်သင်ဖို့ ကြိုးစားနေကြပြီဆိုတာ မှတ်ထားပါ'

ချောင်အောင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ သူတို့ဘယ်မှာလဲဆိုတာ သိရင်ပြောပါ၊ ကျုပ်က မင်းတို့ကို ကျေးဇူးဆပ်ပါ့မယ်'

လူဖေးက....

'ခင်ဗျား သိချင်တယ်ဆိုရင် ကျုပ်တို့ကိုနိုင်အောင်တိုက်ပေတော့'

'ဩော်...မင်းတို့က ကျုပ်ကို မခံချမနုပ်ဖြစ်နေတာကိုး။ ကောင်းပြီ မင်းတို့ တတ်နိုင်မယ်ထင်ရင် စမ်းကြည့်နိုင်ပါတယ်'

ချောင်အောင်းက စိန်ခေါ်လိုက်သည်။

လူဖေးက အံကြိတ်လိုက်သည်။

'သတိထားပေတော့'

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်လေသည်။

'ယား'

Scanned with ACE Scanner

ဝူတောက်တို့လေးယောက်ကလည်း၊ ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

ရှေ့ဇင်ကောင်းကလည်း၊ ပြန်လည်တိုက်ခိုက်လိုက်သည်။

တောလမ်းပေါ်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာခဲ့တော့သည်။

လှဖေတို့သည် ရွှေကောင်းအား ငိုင်၍ ရပ်တိုက်ရိုက်လိုက်ကြရလေသည်။

ရွှေကောင်းကလည်း ပြန်လည်၍ တိုက်ခိုက်လိုက်ရလေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း'

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

လှဖေတို့သည် ငါးယောက်ပေါင်း၍ တိုက်ခိုက်လိုက်ကြပါသော်လည်း ရွှေကောင်းအား မယှဉ်နိုင်ပဲဖြစ်သွားကြလေသည်။

လှဖေတို့ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရလေတော့သည်။

ရွှေကောင်းက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်လေသည်။

လှဖေ ဒေါသတကြီးဖြင့်....

'ရွှေကောင်း၊ ခင်ဗျားကို တယ်တော့မှ မကျေဘူးဆိုတာ မှတ်ထားပါ'

ဟု ကြုံးဝါးလိုက်သည်။

Scanned with ACE Scanner

ညှိုးခေသင် ထင်မံ ဖိုက်နှိုက်ခြင်းကား မပြုပါချေ။

မျှကားဆုံးလျှင် ချာခနဲ လှည့်ကာ မပြုထွက်သွားလေ
သည်။

ဝူလေးခလီတို့လည်း လိုက်ပါသွားကြလေတော့သည်။

လူဖေးတို့ထွက်သွားကြပြီဖြစ်လေသည်။

ရှောင်ကောင်းသက်ပြင်းချလိုက်လေသည်။

လူဖေးတို့သည် သူ့အားလာရောက်နှောက်ယှက် ကြသည်မှာ အကြောင်းအရာရှိရမည်။

သူကိုသည် တိုက်ကျားကျွမ်းအကြောင်းလည်း သိကြ၏။

တိုက်ကျားကျွမ်းနှင့် မည်သို့ပတ်သက်နေပါသနည်း။

ရှောင်ကောင်းက ရှေ့ဆက်လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အား....'

'အမယ်လေး....'

'သေပါပြီဗျ'

တောအုပ်ထဲမှ စူးရှသောအော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြားရလေသည်။

'ဟင်....'

ရှောင်မကောင်း ရင်ထိတ်သွားသည်။

လူဖေးတို့၏ အော်ဟစ်သံများ ပြန်နေသည် မဟုတ်ပါလား။

ရှောင်ခကောင်း မခံနိုင်တော့ပါချေ။

မြေပေါ်ခြေချဆောင့်ကာ တစ်ဟုန်ထိုး ပြေးသွားလိုက်လေသည်။

တခဏအတွင်းမှာပင် ရှောင်ခကောင်းသည် တောအုပ်အတွင်းသို့ရောက်ရှိသွားကြလေတော့သည်။

တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခုရှိနေပါသည်။

မြေကွက်လပ်တွင် သွေးသံရဲရဲဖြင့်လဲကျနေသူ ငါးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူငါးယောက်မှာ လူဖေးတို့လူစုဖြစ်ကြလေသည်။

'ဟင်....'

ရှောင်ခကောင်း မျက်နှာပျက်သွားသည်။

လူဖေးတို့အား မည်သူကလုပ်ကြံလိုက်ပါသနည်း။

ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်သောအခါ အခြားလူရိပ်လူရောင်ကိုပင်မတွေ့ရပါ။

Scanned with ACE Scanner

လှဖေ၊ ညှိအားနေးတိုက် နှိုက်ခဲ့ ပွဲမှ [illegible] ရှိ [illegible] ကြောင်းထင်ရှားနေသည်။

'အာကာယ်ကြောင့်လှုပ်ကြီးသွားပေါ်သနည်း'

ရှောင်ကောင်းတွေကတော့ ဒနစဉ်မှာပင်....

'အင်း....အင်း'

ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

နရှစ်ကောင်း လှမ်းကြည့်လိုက်သောအခါ လှဖေက လူးလွန့်လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

'ဟာ ဆူ အသက်ရှင်နေသေးတာပဲ'

အပျော်ကယာချဉ်းကပ်သွားပြီး စစ်ဆေးကြည့်လိုက်လေသည်။

လှဖေ၏မျက်နှာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များရှိနေပါသည်။

ဆိုတော့....

သေကံမရောက်သက်မပျောက်ဘဲ အသက်ရှင်နေခဲ့တော့သည်။

'လှခဖေ။'

ရွှေခင်ကောင်းက မဖေးမကိုက်မသာသည်။

လှခဖေးက မျက်လုံးဖွင့်ကြည့်လာသည်။

'ဟင်....ခင်....ခင်ဗျား'

ရွှေခင်ကောင်းက....

'မင်းကို ဘယ်သူက တိုက်ခိုက်သွားတာလဲ'

ဟု မေးလိုက်လေသည်။

လှခဖေးက....

'မျက်နှာဖုံးစွပ်ထားတဲ့လူတစ်ယောက်ပါ'

'သူဟာ....'

'သူဟာ တိုက်ကျွားကျွမ်းက လူတစ်ယောက်ပဲ'

'ဟင်...'

ရွှေခင်ကောင်း အံ့သြသွားသည်။

'တိုက်ကျွားကျွမ်းက လူက မင်းတို့ကို ဘာကြောင့်တိုက်ခိုက်ရမှာလဲ ပြောပါဦး။'

လှခဖေးက....

'တိုက်ကျွေးကျွမ်းက ကျုပ်တို့ကို အကြပ်ကိုင်ပြီး နှိုင်းခဲ့တယ်၊ ခင်ဗျားကိုသတ်ပစ်ဖို့'

'ဟာ....'

ရှောက်ကောင်းအံ့ဩသွားလေသည်။

တိုက်ကျွေးကျွမ်းသည် သူ့အား ပစ်မှတ်တစ်ခုအဖြစ် သဘောထားနေပြီဖြစ်လေသည်။

ထူကလည်း၊ တိုက်ကျွေးကျွမ်းမှ လူများအား ခတ္တာရိုနှ သည် မဟုတ်ပါလား'

'တိုက်ကျွေးကျွမ်းကလူက ဘယ်မှာလဲ'

ထူ မေးလိုက်လေသည်။

လူမဖေးက....

'ဘယ်သူဘယ်ဝါဆိုတာမသိရဘူး၊၊ မျက်နှာဖုံးစွပ်ထားပြီး ရုပ်ဖျက်ထားတယ်'

'မင်းတို့နဲ့ ဘယ်လိုလုပ်ပြီး တွေ့ခဲ့တာလဲ'

'သူဟာ ကျုပ်တို့ဆီကို ရောက်လာ ၊ ချန်ဘုန်းသိုင်းပြိုင်ပွဲမှာ ပထမဆုကိုရယူသွားတာကို လက်ပိုက်ကြည့်မနေဘူးလို့ ပြောတယ်၊ ခင်ဗျားကိုလုပ်ကြံဖို့ သူက ကူညီမယ်လို့ ပြောတယ်'

ရှောင်ကောင်းက....

‘ခုတော့ သူခိုင်းတဲ့အတိုင်းမလုပ်နိုင်လို့ ခင်းတို့ကိုချုပ်ကြံ လိုက်တာပေါ့ဟုတ်လား’

‘ဟုတ်တယ်၊ ကျုပ်တို့ကိုလုပ်ကြံတာ သူဘယ်သူလဲဆိုတာ ကျုပ်တို့ရိပ်မိသွားလို့ပဲ’

လူဖေးသည် လျှို့ဝှက်ချက်ကို တဖြည်းဖြည်းနှင့်ပြောလာ လေသည်။

ရှောင်ကောင်းက....

‘သူက ဘယ်သူလဲ’

ဟု မေးလိုက်သည်။

လူဖေးက...

‘သူ ဘယ်သူလဲဆိုတာတော့ ကျုပ်လည်းမသိဘူး၊ ဒါပေမယ့် သူဟာ မိန်းကလေးတစ်ယောက်ဆိုတာတော့ သိခဲ့ရတယ်’

‘မိန်းကလေးတစ်ယောက်’

‘ဟုတ်တယ်’

ရှောင်ကောင်း အံ့သြသွားလေ၏။

မိန်းကလေးတစ်ယောက်သည် တိုက်ကျားကျွမ်းဂိုဏ်းဝင် ဖြစ်နေသည်မှာ အံ့သြစရာကောင်းလှပေသည်။

ထိုမိန်းကလေးမှာ မည်သူဖြစ်ပါသနည်း။

ရှောင်ခေါင်းက...

'ဒဲဒီမိုင် ဘဘား ဘယ်သွားဖော်ဝါဆိုတာ မင်းသိသလား'

လူမောဖက ခေါင်းခါယမ်းလိုက်လေသည်။

'မသိဘူး။ သူဟာ နတ်မိမယ်လို့ ရောက်ခဲ့ လူပဲတယ်၊ အာဘက်ဝေ့တယ်၊ ဒါပေမယ့် ခြေရာလက်ရာတော့ ခေါင်းမဲ့ ရက်တောက်တာပဲ'

ရှောင်ခေါင်းက...

'ကောင်းပြီလေ၊ ဘိုက်ကျွဲကျွမ်းကလူမှန်ရင် တစ်နေ့ နေ့တွေ့ရမှာပေါ့၊ မင်းရဲ့ဒဏ်ရာတွေ ဆေးထည့်ဖို့အရေးကြီးတယ်၊ မင်းကို ငါထမ်းပြီး သွားမယ်'

လူမောဖ၏မျက်လုံးများ၊ အရောင်တဖိတ်ဖိတ် တောက်ပလျှံ လေသည်။

'နောင်ကြီးရဲ့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ'

ဟု ပြောလေသည်။

ရှောင်ခေါင်းက...

'ကိစ္စမရှိဘူး၊ ဘိုက်ကျွဲကျွမ်းကလူတွေကို ဖော်ထုတ်ရာမှာ ကူညီမယ်ဆိုရင် ကျုပ်ကစပြီး မင်းကို ကျေးဇူးတင်ရဦးမှာပေါ့၊ ကဲ...ထွက်သွားရအောင်'

သူက လူမောဖကို ပခုံးပေါ်ထမ်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

'မြွန်မြွန်ဆာလော'

ဆောက်ပြာသံများ၊ ပြေးလွှားလာကြသော ခြေသံများ လွင့်ပေါ်လာခဲ့လေသည်ကို ကြားလိုက်ရလေသည်။

ရွှေပင်ကောင်း လှမ်းကြည့်လိုက်သောအခါ ဓမ္မာ ပြေးလွှားလာပြီး ဒေါင်းစိမ်းရိုက်တားသောသူများ ပြေးလိုက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

စုစုသည် လျှင်မြန်စွာပြေးလာရင်း ရှောင်ကောင်းကို တွေ့လျှင် ခြေသုမ်းတုံ့ခနဲ ရပ်လိုက်လေသည်။

ရှောင်ကောင်းကို မျက်လုံးပြူး၍ကြည့်ကာ....

'ရှင်က ဒီမှာရောက်နေတာကိုး'

ဟု ပြောလေသည်။

ရှောင်ကောင်းက....

'မင်းကရော ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

စုစု ပြုံးလိုက်သည်။

'ကျွန်မရဲ့ မိတ်ဆွေတွေ လိုက်သာကြည့်လိုလေ'

ဒေါင်းစိမ်းကိုယ်ရံသားများသည် သူတို့အား ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်ကောင်း သက်ပြင်းချလိုက်လေသည်။

'မင်းက တခြားနေရာကိုသွားရင် ကောင်းမယ်'

စုစု မဲ့ပြုံးပြုံးလိုက်သည်။

'ဒီနေရာဟာ ရှင်ပိုင်တဲ့နေရာမို့လား'

'ကျုပ်....'

'ဩော်....ရှင်က ချန်ကျန်းသိုင်းပြိုင်ပွဲက ပြိုင်ဘက်တွေကို သတ်သင် ရှင်းလင်းပစ်လိုက်တာကိုး'

'အာ....'

ရှောင်ကောင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

စုစုက....

'သူတို့ဟာ ပြိုင်ပွဲမှာ ရှင် ပထမရသွားတာကို မကျေနပ်ကြဘူးလေ။ ဒါကြောင့် ရှင့်ကို ရန်ရှာကြတော့ ရှင်က သူတို့ကို သတ်ပစ်လိုက်တာ မဟုတ်လား'

ချောင်ကောင်း ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး'

'ဒါဖြင့် သူတို့ ဘယ်လိုဖြစ်သွားကြတာလဲ ပြောပါဦး'

'သူတို့ဟာ....'

ချောင်ကောင်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

'ချွမ်း....ချွမ်း....ချွမ်း'

ခေါင်းစိမ်းဂိုဏ်းသားများကလည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ခေါင်းစိမ်းဂိုဏ်းသားများအား ဦးဆောင်လာသူမှာ မုတ်ဆိတ်ရှည်ရှိသော အသက်လေးဆယ်ခန့် လူတစ်ယောက် ဖြစ်လေသည်။

ထိုလူ၏အမည်မှာ မုရန်းဖြစ်ပြီး ခေါင်းစိမ်း ဂိုဏ်းတွင် လက်ထောက်ဂိုဏ်းချုပ်အဆင့်ရှိသူ ဖြစ်လေသည်။

မုရန်းသည် ချောင်ကောင်းနှင့် စုစုဘို့အား စေ့ကြည့်လိုက်ပြီး....

'မင်းတို့နှစ်ယောက်စလုံး ထွက်သွားလို့ မရတော့ဘူး'

ဟု ပြောလေသည်။

စုစုက ရယ်မောလိုက်လေသည်။

သူမသည် မုရန်းအား လုံးဝ အရေးမစိုက်ဘဲ....

'ကျွန်မတို့က ရှင့်ကို ကြောက်နေရမှာလား'

ဟု ပြောလိုက်လေသည်။

မုန့်နီးက....

'စိုက်ချေ၊ မင်းကို ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါပေမယ့် ခုချိန်မှာ သူက မင်းထက်ပိုပြီး အရေးကြီးနေတယ်'

ရွှေခင်ကောင်းကို ညွှန်ပြကာ ပြောလေသည်။

ရွှေခင်ကောင်းက....

'သခင့်'

'မင်းဟာ ချန်ကျွန်းပြိုင်ပွဲမှာ နာမည်ရခဲ့တဲ့ သိုင်းသမား ငါးယောက်ကို မတရားအနိုင်ကျင့်ခဲ့တဲ့အတွက် မင်းကို ချမ်းသာမပေးနိုင်တော့ဘူး'

ရွှေခင်ကောင်းက ခံပြင်းသွားသည်။

'ခင်ဗျား မတရားမစွပ်စွဲပါနဲ့ဗျာ၊ သူတို့ကို တိုက်ခိုက်ခဲ့တာ ကျုပ်မဟုတ်ပါဘူး။ ခင်ဗျား မယုံရင် သူတို့ကို မေးကြည့်နိုင်ပါတယ်'

လုဖေးအား ညွှန်ပြလိုက်လေသည်။

မုန့်နီးက လုဖေးအား လှမ်းကြည့်လိုက်လေသည်။

လုဖေးက....

'သူဟာ ကျုပ်တို့ကို သတ်ပစ်ဖို့ ကြိုးစားခဲ့တယ်'

ရွှေခင်ကောင်းအား လက်ညှိုးညွှန်ကာ အော်ပြောလာလေတော့သည်။

လုနေ(၊)...

လှုမဖုးသည် ရှောင်တောင်းအား လက်ညှိုးညွှန်ကာ လူ
သတ်သမားအဖြစ် စွပ်စွဲလာလေသည်။

ရှောင်တောင်း ချောင်းအမ်းအမ်းဖြစ်သွားသည်။

'လှုမဖုး...မင်း ဘယ်လိုပြောလိုက်တာလဲ'

ဟု မေးလိုက်လေသည်။

လုဖေးက...

'ကျုပ်တို့ဟာ ချန်ကျန်းပြိုင်ပွဲမှာ အနိုင်ယူသွားတဲ့ သူ့ရဲ့
ပညာကို လေးစားမိလို့ မိတ်ဖွဲ့ဖို့ လိုက်လာခဲ့ကြတာပါ၊ သူက
ကျုပ်တို့ကို မတွေ့မဘာနဲ ဆက်ဆံခဲ့တယ်၊ သိုင်းလောကမှာ သူ့ရဲ့
ဩဇာလွှမ်းမိုးအောင် ကြိုးစားရာမှာ သူ့ရဲ့ နောက်လိုက်တွေ
အဖြစ် ဆောင်ရွက်ရမယ်လို့ အကျပ်ကိုင်လာတာကြောင့် ကျုပ်
တိ လက်မခံတာနဲ့ ကျုပ်တို့ကို လုပ်ကြံဖို့ ကြိုးစားခဲ့တာပါ
ဗျာ'

ခေါင်းတိမ်းငိုက်းမှ မုရုန်းက...

'မင်း တော်တော်ရက်စက်ပါလား၊ ယက်စသတ်တော့ မင်း
ဟာ ချန်ကျန်းမြို့ သိုင်းပြိုင်ပွဲမှာ ပထမရခဲ့တဲ့ ရှောင်တောင်း

ကို။ မင်းရဲ့ပညာ မဆိုးဘူးလို့ ပြောသံကြားတယ်၊ မင်းက သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်ချင်တာ ကိုယ့်သေတွင်း ကိုယ်တူးထားပဲ'

ဟု ဟောက်လိုက်လေသည်။

ရှောင်ကောင်း ခံပြင်းသွားသည်။

'ခင်ဗျား မတရား မစွပ်စွဲနဲ့'

ဟု ပြန်လည်အော်ဟောက်လိုက်လေသည်။

မုရှန်းက....

'ဟေ့ကောင်...မင်းအားအားဆေးဆေး အဖမ်းခံမလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကိုရွေးပါ'

ဤတွင်....

'ခစ်....ခစ်....ခစ်'

စုစုက ရယ်မောလိုက်လေသည်။

'ရှင်က သူ့ရဲ့အကျိုးစကို ထိအောင်ထောင်မှ အရွမ်းအစ ရှိလို့လား'

ဟုလည်း ခနဲ့လိုက်လေသည်။

'စတာက်'

မုရှန်း ဒေါသတကြီး အော်ဟောက်လိုက်သည်။

'ကျုပ်တို့ခေါင်းစိမ်းကိုက်းက မင်းတို့ကို ကြောက်နေရမှာလား'

ခက်တာဆုံးလျှင်...

'ဗိုကောင့်ကို ဆုံးမလိုက်ခမ်း'

ဟု ခေါင်းစိမ်းကိုက်းသားများအား အမိန့်ပေးလိုက်လေသည်။

ခေါင်းစိမ်းကိုက်းသားများကလည်း....

'ယား'

ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

စုစုက....

'ဒါ....သတိထက် မတ်ရှားလှုပ်ထားပဲ ခေါင်းငုံ့ခံနေနေပါနဲ့ရှင်....'

ဟု ခပ်အော်ဟစ်ဟစ် မြှောက်ပင့်ပေးလိုက်လေသည်။

ရှော်ခေါင်းလည်း 'မတရားခံနေရသဖြင့် ဒေါပွသွားပြီး ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ဒေါင်းစိမ်းဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ရှောင်ကောင်းက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ဖိုစုက လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်လေသည်။

မှူခုန်း ခံပြင်းသွားလေသည်။

'ရှောင်ကောင်း....မင်းသတိထားနေပါတော့'

ဟု ကြုံးဝါးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်ကောင်းက ပြန်လည်တိုက်ခိုက်ခြင်းမပြုရမီ....

'ကျွန်မလည်း ရှိပါသေးတယ်'

စုစုက ကြွားဖြတ်ထိုက်ခိုက်လိုက်လေသည်။

'ဟုန်း....'

'ဘား....'

ထူးရှာသောအော်ဟစ်သံနှင့်အတူ မှုရှန်းမှာ အငဝသို့ လွင့်စဉ်သွားလေသည်။

စုစုက ရယ်ခဲ့ရင်း....

'ဓဒါင်းစိမ်းဂိုဏ်းက လူတွေဟာ အနည်းအကျဉ်းမရှိဘဲ ကြီးကျယ်နေကြတာ အဓကာ်ကိုရယ်စရာကောင်းတာပဲ၊ ရှင်တို့ပြန်သွားကြသွားရင် အသက်ချမ်းသာရလိမ့်မယ်၊ ဒါမှ မဟုတ်ရင်တော့....'

သူမက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

မှုရှန်းက အံကြိတ်လိုက်သည်။

'မင်းတို့...ကျုပ်ကျုပ်သား သတိထားကြပေတော့'

ဟု ကြုံးဝါးကာ ဓဒါင်းစိမ်းဂိုဏ်းသားများကို ခေါ်ပြီး ပြုလွှား ထွက်ခွာသွားလေတော့သည်။

* *

ခေါင်းစိမ်း၊ ဂိုက်းသားများ၊ ထွက်ပြေးသွား၊ ကြပြီ

သည်။

ရှောင်ကောင်း သက်ပြင်းချလိုက်သည်။

ဗိုက်ကျားကျမ်းအကြောင်း မဖော်ထုတ်မည်ဟု သိုင်းလော

ထဲ၌ ခြေချလိုက်သည်နှင့် ပြဿနာများ ပေါ်ပေါက်လာသ

မဟုတ်ပါလား။

ရှောင်ကောင်းက စုစုကို ကြည့်လိုက်ပြီး....

'မင်းကအခုဘာ ဘယ်လို ရည်ရွယ်ချက်နဲ့ ကျုပ် နောက်

တကောက်ကောက်လိုက်နေရတာလဲ'

ဟု မေးလိုက်လေသည်။

စုစု အံ့သြသွားသည်။

'ရှင်....ဘယ်လိုပြောလိုက်တာလဲ'

'မင်းမှာ ဘယ်လိုအကြံအစည်ရှိနေသလဲဆိုတာကို မေး

တာ'

'ကျွန်မ'

စုစုက နှုတ်ခမ်းစူလိုက်သည်။

'ရှင်....ကျွန်မကို ဘာကြောင့် မတရားစွပ်စွဲနေရတာ

ရှင့်ကို ကျွန်မက ဘာကြောင့် ဒုက္ခပေးရမှာလဲ'

ဟု ရန်တွေ့လိုက်လေသည်။

ရှောင်ကောင်းက....

'ကျုပ် ထောင်ချောက်တစ်ခုထဲကို လျှောက်နေတယ်ဆို

မရိပ်မိဘူးများ ထင်နေသလား'

သူက လှေဖေါ်ဘက်သို့ လှမ်းလိုက်သည်။

Scanned with ACE Scanner

ဤတွင် လုမေးရှိမနေတော့ပဲထက်ခြပြီးပျောက်ကွယ်သွား ပြီဖြစ်သည်ကို တွေ့လိုက်ရပေတော့သည်။

ရှေခင်အောင်၊ မကျေမနပ်ဖြစ်သွားသည်။

သူတာ လုမေး ဗျက်ရာရနေသည်ကို တွေ့ရသဖြင့် ကူညီရန် ကြိုးစားခဲ့သော်လည်း၊ လုမေးက သူ့အပေါ် အခကောက်ကြံ ခဲ့သည် မဟုတ်ပါလား။

လုမေးသည် အဘယ်ကြောင့် ထိုသို့ အကောက်ကြံခဲ့ရပါ သနည်း။'

စုစုက....

'ဒေါင်းစိမ်းဂိုဏ်းနဲ့ လုမေးတို့ဟာ အကြောင်းတစ်ခုခုနဲ့ ပတ်သက်နေရမယ် သူတို့ဟာ ရှင့်ကိုဒုက္ခပေးဖို့ ကြိုးစားနေ ကြတော့ တိုက်ကျားကျွမ်းက လူတွေနဲ့ ပတ်သက်နေလို့ပဲဖြစ် ရမယ်'

ရှေခင်အောင်က....

'မင်းအတော တိုက်ကျားကျွမ်းနဲ့ ပတ်သက်နေတာဘဲ မဟုတ်လား'

တု မေးလိုက်လေသည်။

စုစုက....

'ဩော်.... ရှင်က ကျွန်မကို အထင်မှားနေတာပေါ့ ဟုတ် လား'

'အထင်မှားတာ မဟုတ်ဘူး၊ မင်းကို ငါမယုံဘူး'

စုစုက....

'ကောင်းပြီကွာ၊ ကိုယ့်ကိုမယုံတဲ့လူတစ်ယောက်နဲ့ စကား ပြောနေလို့ အပိုပဲပေါ့'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

မရွှင်ကောင်းသော မျက်မှောင်ကြုတ်ထားကြည့်ရင်း ကျန် ရစ်ခဲ့လေတော့သည်။

# ထောင်ချောက်

စီရုန်မြို့....

ရွှေစင်တောင်၊ မရှု့ခရီးဆက်လာခဲ့ရာ စီရုန်မြို့သို့ ရောက်ရှိလာခဲ့လေသည်။

မြင်း၊ပြိုင်ဘုံကျောင်း၊ တည်ရှိသော ပေါင်ချိမြို့ကလေးနှင့် မဝေးတော့ပါသဖြင့် စိတ်ဓာတ်တက်ကြွနေလေသည်။

နေ့ဝန်းနီမှာ အနောက်ဘက်တွင် ငုံပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်ပါသည်။

ရွှေစင်တောင်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီ....

"ဒီမြို့မှာ တစ်ညအနားယူပြီး မိုးလင်းမှပဲ မရှေ့ခရီးဆက် ကြတော့မယ်"

ဟု ဆုံးဖြတ်လိုက်လေသည်။

တစ်ညတာနားခိုရန် လိုက်လံရှာဖွေပြီး စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲဖက်ဖွင့်လှစ်ထားသည့် ကျောက်စိမ်းတည်းခိုခန်းကို ရွေးချယ်လိုက်လေသည်။

အခန်းတစ်ခန်း ငှားရမ်းလိုက်ပြီး အိပ်စက်အနားယူရန် အချိန်စောနေသဖြင့် အောက်ထပ်ရှိ စားသောက်ခန်းမသို့ ဆင်းလာ၍ စားသောက်လိုက်လေသည်။

ညနေစာ စားချိန်ဖြစ်ရကား၊ စားသောက်ခန်းမအတွင်း၌ လူစည်ကားနေလေသည်။

ခ်ရှောင်အောင်းက ပြတင်းပေါက်နှင့်အပ်လျက်ရှိသော စားပွဲ၌ နေရာယူကာ စားသောက်လိုက်၏။

ညအိပ်တည်းခိုရန် အခန်းက ကောင်းသော်လည်း စားသောက်စရာများကား ညံ့ဖျင်းနေသည်ကို တွေ့ရလေသည်။

ရှောင်ကောင်းက အနည်းငယ်သာ စားသောက်လိုက်၏

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေ ပေးချေလိုက်၏။

ထို့နောက် အပေါ်ထပ်မှ ငှားရမ်းထားသော အခန်းဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အစ်ကိုလေး ခဏနေပါဦး'

ဟန့်တားသံထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ဆိုင်လုလင်တစ်ယောက် ရောက်လာသည်ကို တွေ့ရ၏။

ထိုဆိုင်လုလင်က....

'အစ်ကိုလေးနာမည်က ရွှေခေါင်တောင်၊ မဟုတ်လားဗျာ'

ဟု မေးလာလေသည်။

ရွှေခေါင်တောင်က....

'ဟုတ်ပါတယ် ဘာကိစ္စများ ရှိနေလို့လဲ'

ဟု မေးလိုက်သည်။

ဆိုင်လုလင်က....

'အစ်ကိုလေးအတွက် လူတစ်ယောက်က စာတစ်စောင် လာပေးသွားလို့ပါ'

ရှောင်ကောင်း အံ့သြသွားသည်။

'စာတစ်စောင် ဟုတ်လား၊ ဘယ်သူက လာပေးခိုင်းတာလဲ'

'မိန်းကလေးတစ်ယောက်ပါ၊ နာမည်တော့ မပြောသွားပါဘူး၊ စာကိုပေးပြီး ထွက်သွားပါတယ်၊ ဟောဒီမှာပါ'

ပြောပြောဆိုဆို စာတစ်စောင်လာပေးသည်။

ရှောင်ကောင်းလည်း စာကိုယူကာ ချက်ချင်း ဖောက်ဖတ် လိုက်လေသည်။

စာသဲ၌...

ရှင်ဟာ ဝိုက်ကျားကျွမ်းက လူတွေကို ဖော်ထုတ်နိုင်ဖို့အောင် ခဗဒါလိုတဲ့လူကို ရှာနေတာ မဟုတ်လား၊ သူဟာ ပီမြို့မှာ ရောက်နေတဲ့အတွက် ရှင် ကံကောင်းသွားတယ်။

သူ့တို့ တွေ့ချင်ရင် မိုးချုပ်တာနဲ့ အရှေ့ဘက် မြို့စွန်က ဆေးဆရာကြီး ဟွာကိုဖုံးဆီကို သွားပေါ့၊ တွေ့ရပါလိမ့်မယ်။

ရှုရန်...

Scanned with ACE Scanner

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ရှေဒင်ကောဒင်းက သက်ပြင်းချလိုက်လေသည်။

'လက်စသတ်တော့ စုစု ရေးပေးလိုက်တဲ့စာကိုး'

စုစုက သူ့အတွက် သတင်းပေးလိုက်ခြင်း ဖြစ်ပါသည်။

သူမအား ယုံကြည်ရပါမည်လော၊

မည်သို့ဆိုစေ—

ပေဒါနှင့် တွေ့ရမည်ဆိုပါက သွားရမည်သာ ဖြစ်ပါသည်။

ရှေဒင်မယုဒင်းသည် ရှည်ရှည်ဝေးဝေး မစဉ်းစားမနေတော့ဘဲ ဆေးဆရာကြီး၊ ဟွာကိုဖုံးထံသို့သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ည…

ကောင်းကင်ပေါ်ဝယ် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေ၏။

ကြယ်ရောင် လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

ရှောင်ကောင်းသည် မြို့ခံလူတစ်ယောက်ထံတွင် စုံစမ်းလိုက်ခြင်းဖြင့် ဆေးဆရာကြီး ဟွာကိုဖုံး၏အိမ်ကို သိရှိရပြီ ဖြစ်သည်။

ထို့ကြောင့် ခပ်သွက်သွက် လှမ်းလာခဲ့လေသည်။

အရှေ့ဘက်မြို့စွန်တွင် ခြံဝင်းကျယ်ကြီးများနှင့် အိမ်ကြီးအိမ်ကောင်းများ ရှိနေပါသည်။

ရှောင်ကောင်းသည် ရောင်စုံပန်းများ စိုက်ထားသည့် ခြံဝင်းတစ်ခုရှေ့တွင် ခြေလှမ်းရပ်လိုက်လေသည်။

ခြံဝင်းအတွင်းမှ အဆောက်အအုံကြီး၌ မီးရောင်များ ထိန်ထိန်လင်းနေပြီး ခမ်းနားထည်ဝါစွာ ရှိနေသည်ကို တွေ့ရလေသည်။

ထိုအဆောက်အအုံကြီးသည် ဆေးဆရာကြီး ဟွာကိုဖုံး၏ အဆောက်အအုံကြီး ဖြစ်ပါသည်။

ရှောင်ကောင်းသည် ဖွင့်ထားသော ခြံစည်းဝင်းတံခါးကို ဖြတ်သန်းကာ ခြံဝင်းထဲသို့ လှမ်းဝင်လိုက်လေသည်။

ကျောက်ပြား ခင်းထား သော လမ်းကလေးအတိုင်း အဆောက်အအုံကြီးဆီသို့ လှမ်းသွားလိုက်လေသည်။

Scanned with ACE Scanner

ကမေဘာက် အအုံကြီး၌ မီးချောင်းများ လိမ့်ထိန်သင်းနေပါသော်လည်း အသံဗလံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျှက် နေလေသည်။

ရှောင်တောင်းက အိမ်တံခါးမကြီးရှေ့၌ ရပ်ကာ တံခါးခေါက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ကျွီ....'

တံခါးပွင့်သွားပြီး အိမ်ဖော်လူလင်တစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအိမ်ဖော်လူလင်သည် ရှောင်တောင်းအား ဦးညွတ်အိုက်ပြီး....

'အထဲကို ကြွပါခင်ဗျာ'

ဟု ဖိတ်ခေါ်လာလေသည်။

ရှောင်တောင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဆေးဆရာ ဟွာကိုဖုံ ၏အိမ်မှ လူများသည် သူရောက်ရှိလာမည်ကို ကြိုတင် သိရှိ နေ ကြသည့် သဘော ရှိနေ ကြသည် မဟုတ်ပါလား။

ရှောင်တောင်း ဘာမှမပြောဘဲ လိုက်သွားလေသည်။

အိမ်ဖော်လူလင်က ရိုရိုသေသေပင် ဖိတ်ခေါ်သွားပြီး ဧည့်ခန်းအတွင်း၌ ခုံနေရာချထားပေးလိုက်လေသည်။

ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားလေသည်။

ရှောင်တောင်း သက်ပြင်းချလိုက်သည်။

'ငါရောက်လာမယ်ဆိုတာကို သူတို့ကြိုတင်သိရှိနေကြတာ သေချာနေပါပြီ'

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

အိမ်ဖော်လုလင်က....

'ခဏထိုင်ပါဦး ခင်ဗျာ'

ဟု ပြောကာ ထွက်သွားလေသည်။

ကျယ်ဝန်းလှသော ဧည့်ခန်းအတွင်း၌ ရှောင်ကောင်း တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ရလေသည်။

သို့သော် ရှောင်ကောင်း ကြာကြာမစောင့်လိုက်ရပါချေ။

ခြေသံများ ထွက်ပေါ်လာပြီ၊ လူသုံးယောက် ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အဘိုးအိုနှစ်ယောက်နှင့် ရှောင်ကောင်းအား ဖိတ်ခေါ်ခဲ့သည့် အိမ်ဖော်လုလင်တို့ ဖြစ်ကြလေသည်။

ရှောင်ကောင်းက ထိုင်ရာမှ ထရပ်လိုက်သောအခါ...

'ထိုင်ပါကွယ်....ထိုင်ပါ'

အပြာရောင်ဝတ်ထားသော အဘိုးအိုက လက်ကာပြရင်း ပြောလာလေသည်။

ထိုအဘိုးအိုသည် တည်ကြည်သော ရုပ်သွင်ရှိပြီး ဆေးဆရာတစ်ယောက်နှင့် တူပေသည်။

ဆေးဆရာဟွာကိုဖုံးဖြစ်နေကြောင်း ရှောင်ကောင်း အကဲခတ်လိုက်မိလေသည်။

ကျန်အဘိုးအိုသည်ကား အရောင်အဆင်း လွင့်ပြယ်နေပြီဖြစ်သော အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသေသည်။

ထိုအဘိုးအိုသည် ဗေဒါဖြစ်ရမည်ဟု ရှောင်ကောင်း ခန့်မှန်းမိပြီးလေသည်။

ဆေးဆရာဟွာကိုဖုံးနှင့်ဗေဒါတို့အား တွေ့ချင်ပြီဟုယူဆထားသော ရှောင်ကောင်း ဝမ်းသာသွားလေသည်။

ရှောင်ကောင်းက ပြန်ထိုင်ချလိုက်သည်။

ဟွာကိုဖုံးက—

"မောင်ရင်လေးဟာ ရှောင်ကောင်းမဟုတ်လားကွယ်"

ဟု မေးလေသည်။

ရှောင်ကောင်း ဦးညွှတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

တွတ်ကိုဖိုးက...

'ကျွန်ုပ်က ဆေးဆရာဟွာကိုဖိုးပါ၊ သူကတော့ ကျုပ်ရဲ့ မိတ်ဆွေ ဗေဒါပါ'

ဟု မိတ်ဆက်ပေးလေသည်။

ရှောင်ကောင်း ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့....ခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်က ရှောင်ကောင်းပါ၊ ဦးတို့ကိုလိုက်ရှာနေတာပါ'

ဗေဒါကို ညွှန်ပြကာ ပြောလိုက်လေသည်။

ဗေဒါ ပြုံးလိုက်သည်။

'ကျုပ်ကလဲ ကျွန်ကျွန်းသိုင်းပြိုင်ပွဲမှာ ပထမဆုရခဲ့ ရှောင်ကောင်းဆိုတဲ့သူငယ်တစ်ယောက်က ကျုပ်ကို လိုက်ရှာနေတယ်၊ ဆိုတာသိလို့ ကျုပ်က မင်းနဲ့တွေ့ရအောင် စီစဉ်လိုက်တာပါ'

ရှောင်ကောင်းက....

'ဟုတ်ပါတယ်၊ ကျွန်တော်ဟာ တိုက်ကျားကျွမ်းအကြောင်း ကို လိုက်ပြီးစုံစမ်းနေတာပါ၊ ဦးက သိထားတယ်ဆိုလို့ စုံစမ်း မေးမြန်းကြည့်ချင်လို့ပါ'

Scanned with ACE Scanner

ဇေဒါက....

'လက်စသတ်တော့ တိုက်ကျွားကျွမ်းအကြောင်းကို သိချင်နေတာကိုး'

'ဟုတ်ပါတယ်....ခင်ဗျာ'

'မင်းကော တိုက်ကျွားကျွမ်းနဲ့ ဘယ်လိုချိတ်ဆက်နေလို့လဲ ပြောပါဦး'

ရှောင်တောင်းက....

'တိုက်ကျွားကျွမ်းကလူတွေဟာ ကျွန်တော့်အဖေကိုလုပ်ကြံဖို့ ကြိုးစားခဲ့ကြပါတယ်၊ ဒါကြောင့် ကျွန်တော်က တိုက်ကျွားကျွမ်းကလူတွေအကြောင်း သိချင်နေတာပါ'

ဇေဒါက....

'တိုက်ကျွားကျွမ်းဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူသတ်အဖွဲ့အစည်းတစ်ခုပဲ ဖြစ်တယ်၊ တိုက်ကျွားကျွမ်းဆိုတဲ့ အမည်ကို လူတိုင်းကြားဖူးကြတယ်၊ ဒါပေမယ့် ဘယ်မှာရှိတယ် ဘယ်သူတွေပါဝင်တယ်ဆိုတာ ခုထိ ဘယ်သူကမှ မသိကြဘူး'

ရှောင်တောင်းက....

'ဦးက တိုက်ကျွားကျွမ်းအကြောင်း သိထားတယ်လို့ ရွှေလှိုင်ဂိုဏ်းချုပ် ကေစွကျောင်းက ပြောခဲ့ပါတယ်'

မေဒါက...

'ဪ...ရှယ့် ဂိုဏ်းချုပ် ကော့ကျင်းက ပြောပြခဲ့တာလို့...'

'ဟုတ်ပါတယ် ခင်ဗျာ'

'သူက ကျုပ်ကို တော်တော်အသင်ကြီးတော့တဲ့'

မေဒါက ရယ်မောရင်းပြောလေသည်။

ရှောင်ကောင်းက...

'တိုက်ကျွားကျွမ်းတဲ့ လူတွေအကြောင်း၊ သိရင် ပြောပြဖို့ မေတ္တာရပ်ခံပါတယ် ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

မေဒါ သက်ပြင်းချလိုက်သည်။

'တိုက်ကျွားကျွမ်းတဲ့ အင်မတန် ကြောက်စရာကောင်း တယ်ကွယ့်၊ ဘယ်သူမဆို တိုက်ကျွားကျွမ်းတဲ့လူဖြစ်နေနိုင်တာပဲ၊ ဥပမာ ကျုပ်ကိုယ်တိုင်ပေါ့ကွယ်'

ရှောင်ကောင်းက မေဒါ့ကို စိုက်ကြည့်လိုက်လေသည်။

မေဒါက တည်ကြည်သောမျက်နှာထားဖြင့်...

'တိုက်ကျွားကျွမ်းကို သိုင်းလောကသားတိုင်းက ဖော်ထုတ်ချင်ကြတယ်၊ ဒါပေမယ့် ခုချိန်ထိ ဘယ်သူကမှ မဖော်ထုတ်နိုင်ခဲ့ကြသေးဘူး၊ ဖော်ထုတ်ဖို့ ကြိုးစားသူတိုင်း အသက်ပေးလိုက်ရတာချည်းပဲ'

ရှောင်တောင်း မြို့လိုက်သည်။

'ကျွန်တော် မေးမယ်ဆိုရင်လေ ခေ ဝုံပါတယ်။ တိုက်ကျွန်း ကျွမ်း အကြောင်းကို သိရင်ပြောပြဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ'

ဗေဒါက...

'မင်းက တိုက်ကျွန်းကျွမ်း အကြောင်းကို တကယ်သိချင် သလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'အင်း...မင်းသိပ်သိချင်တယ်ဆိုရင် ကျုပ်သိထားသမျှကို ပြောပြရတာပေါ့'

ရှောင်တောင်းက လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်လိုက်ခဲ့လေ သည်။

ဗေဒါက...

'တိုက်ကျွန်းကျွမ်းအကြောင်းကို ကျုပ်သိသလောက်ပြော ရမယ်ဆိုရင်သူတို့ဟာ သိုင်းသိုင်းပညာတွေနဲ့ ပွဲညည်းထား ယံ၊ အခကြေးငွေယူပြီး လူသတ်ပေးတဲ့ ကြေးစား အဖွဲ့ ချည်းဖြစ်တယ်၊ တစ်ချိန်က သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်

တုန်းကအောင် ကြောက်ရွံ့ခဲ့ကြရပေမယ့် နောက်ပိုင်းမှာတော
သိုင်းလောကမှာ အခေါ်ဟိုင်းလို မလှုပ်ရှားတော့ဘဲ ငြိမ်သ
သွားခဲ့ကြတယ်'

ရှောင်ကောင်း စိတ်ဝင်စားစွာ နားထောင်နေလိုက်ေ
သည်။

ဇေပါက....

'တိုက်ကျားကျွမ်း ငြိမ်သက်သွားတာဟာ ဂိုဏ်းဝင်အချ
ချင်း ပြဿနာဖြစ်ပေါ်ခဲ့ပြီး တိုက်ပွဲတွေဖြစ်ခဲ့ကြတယ်လို့ သိ
တယ်....'

ရှောင်ကောင်းက....

'တိုက်ကျားကျွမ်းဟာ အချင်းချင်း ပြန်တိုက်ခိုက်ကြပြ
ပြိုကွဲသွားပြီလို့ ဦးက ဆိုလိုတာလား'

ဟု မေးလိုက်လေသည်။

ဇေပါ ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး....သူတို့ဟာ ပြိုကွဲမလို ဖြစ်သွားခဲ့ကြပေမ
လုံးဝပြိုကွဲမသွားပဲ အင်အား ချိနဲ့သွားခဲ့ကြတာပဲ ဖြစ်တယ

ရှောင်ကောင်းက....

'အသက်ငင်နေတဲ့ တိုက်ကျား၊ကျွမ်းကို ပြန်ပြီး အသက် သွင်းခဲ့တဲ့ လူတစ်ယောက်ရှိခဲ့တာပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

ဇေဒါက....

'ဟုတ်တယ်....တိုက်ကျား၊ကျွမ်းကို သွေးယက္ခ ဆိုတဲ့လူက ပြန်ပြီး အသက်သွင်းခဲ့တာပဲ'

ရှောင်ကောင်းက....

'သွေးယက္ခကို တွေ့အောင်ရှာနိုင်ရင် တိုက်ကျား၊ကျွမ်းရဲ့ အကြောင်းကို သိရမှာပေါ့နော်'

'ဒါပေါ့၊ ဒါပေမယ့်....သွေးယက္ခ ဘယ်သူတဲ့ ဆိုတာ ငါလဲ မသိဘူး'

ရှောင်ကောင်းက....

'ကိစ္စမရှိပါဘူး၊ ကျွန်တော် မတွေ့တွေ့အောင် လိုက်ရှာမှာပါ'

ဇေဒါက....

'မင်းက ဘာကြောင့် ဒီသေနတ် သဲကြီးမဲကြီး ပြင်နေရတာလဲ'

ရှောင်ဂေါင်းက....

'သူတို့ဟာ ကျွန်တော့် အဖေကို လုပ်ကြံဖို့ ကြိုးစားခဲ့ကြတယ်၊ ကျွန်တော့် အဖေရဲ့ ဘဝမှန်ကို ကျွန်တော်သိချင်တယ်၊ ဒါကြောင့် သိုက်ကျွားကျွမ်းနဲ့ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တာပေါ့'

မေဒါက....

'မင်းအဖေက ဘယ်သူလဲ'

ရှောင်စကောင်းက....

'ရှောင်ခဖူလို့ ခေါ်ပါတယ် ခင်ဗျာ'

မေဒါက ဟွာဂျိုဖိုးအား ကြည့်လိုက်ပြီး....

'ခင်ဗျား ကြားဖူးသလား'

ဟု မေးလိုက်လေသည်။

ဟွာဂျိုဖိုး ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း....မကြားဖူးဘူး'

Scanned with ACE Scanner

ရှောင်ကောင်းက...

'ကျွန်တော့် ဖေဖေဟာ ပြိုင်ဘက်ဂိုဏ်း၊ သိုင်းပညာရပ်တွေကို တတ်မြောက်ထားခဲ့ပါတယ်၊ ဒါပေမယ့်...သူ့ အစ်ကို ဘယ်ဝါဆိုတဲ့ ဘဝမှန်ကို ဘယ်သူမှမသိခဲ့ကြပါဘူး'

ဟွာကျိုဖုံးက...

'မင်းအဖေက တိုက်ကျားကျွမ်းနဲ့ပတ်သက်ခဲ့တယ်လို့ ငါ ယူဆတယ်ပေါ့'

'ဟုတ်ပါတယ်'

ဗေဒါနှင့် ဟွာကျိုဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ဖန် ဗေဒါက ရှောင်ကောင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးလျှင်...

'မင်းက တကယ်ပဲ တိုက်ကျားကျွမ်းအကြောင်းကို သိချင်တယ်ဆိုရင်တော့ ကျုပ်ကူညီပါ့မယ်'

'ဟုတ်ကဲ့...ဦးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး ခင်ဗျာ'

ရှောင်ကောင်းက ဦးညွှတ်လိုက်လေသည်။

ဗေဒါက...

'ဒီည ယန်းခေါင်ယီအချိန် မြို့ပြင် သုသာန်ကိုသွားပါ၊ မင်းအတွက် ထူးခြားလာပါလိမ့်မယ်'

ရှောင်ကောင်း ဝမ်းသာသွားလေသည်။

'ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ... ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီကွယ်'

ရှောင်ကောင်းသည် ဗေဓါနှင့် ဟွာကိုဖုံးအား နှုတ်ဆက်၍ ထွက်လာခဲ့လေတော့သည်။

ရှောင်ကောင်း ထွက်သွားပြီဖြစ်လေသည်။

ဗေဒါက သက်ပြင်းချလိုက်သည်။

ဟွာကိုဖုံးအားကြည့်လိုက်ပြီး….

'ခင်ဗျား ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

ဟွာကိုဖုံးက….

'အင်း…. ဒီကောင်လေးကိုကြည့်ရတာ လိမ်ပြောမယ့် အသွင်တော့မရှိဘူး။ ချန်ကျွန်းသိုင်းပြိုင်ပွဲမှာ သူကအစွမ်းပြ သွားတယ်၊ ဘယ်လိုသိုင်းပညာမျိုး အသုံးပြုသွားတယ်ဆိုတာ ကောင်မတွေ့လိုက်ရဘူးလို့ တော့ကျင်းကပြောတယ်'

ဗေဒါက….

'စုရုံအရော'

'စုစုကလဲ ရှောင်ကောင်းရဲ့ပညာဟာအတော် ကိုကြောက် စရာကောင်းတယ်လို့ ပြောတယ်၊ ဒါပေမယ့် ဘယ်လိုပညာ ရပ်မျိုးလဲဆိုတာ သူလဲမပြောခဲ့တက်ဘူး'

'ဒါဖြင့် သူဟာ'

'ဒီညနေ ဘာ့ သူ့ အကြောင်း သိရမှာ အကျြသာ'
'နောက်ပြီး ကျွန်တို့ ဘဲသွားကြတာ ပါ'

နှစ်ယောက်သား ချည်ခြင်းအတွင်းမှ ထွက်သွားကြလေ တော့သည်။

ညာ....

တောင်းတောင်ပေါ်၌ လဝန်းယိမ်ထိန်သာနေသည်။

လရောင်ပြင့်ဝန်းကျင်တစ်ခုလုံးသာယာလှပနေလေသည်။

မြို့ပြင်သင်္ချိုင်းမြေကြီးကလ၊ ကျက်သရေ ကင်းမဲ့နေပါတော့သည်။

ဗေဒါနှင့် ဟွာကိုဖုံးတို့သည် သင်္ချိုင်းမြေထဲသို့ရောက်ရှိလာကြပြီဖြစ်လေသည်။

သူတို့လည်း အနက်ရောင်အဝတ်အစားများဝတ်ဆင်ထားကာ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားကြလေသည်။

သူတို့၏အသွင်သည် ညဘက်တွင် ကျင်လည်ကျက်စားတတ်သော ညလူများအသွင်ဖြစ်နေပါတော့သည်။

နှစ်ယောက်သား သင်္ချိုင်းမြေထဲသို့ ရောက်လာလျှင် ခြေလှမ်းနှေးလိုက်ကြလေသည်။

ဗေဒါက....

'အင်း၊ ခုလိုအသွင်မျိုးနဲ့ဆိုရင်တော့ လွန်ခဲ့တဲ့ဆယ်နှစ်တုန်းကလက်ကိုမဟောင် ပြန်ပြီးသတိရမိသေးတယ်'

ဟု စရှေက်လိုက်လေသည်။

ဟွာကိုဖုံးက သက်ပြင်းချလိုက်သည်။

'ကျုပ်ကခုတော့ အတိတ်တာဖြစ်ရပ်တွေကို ပြန်ပြီးမစဉ်းစားချင်တော့ဘူး။ အစတော်ကို စိတ်ပျက်စရာကောင်းတာပဲ'

ဇေဒါက....

'ကျုပ်တို့ဟာ ရက်စက်ကြမ်းကြုတ်တဲ့ ဓားကျားကျင်းအဖွဲ့ဝင်တွေဖြစ်ခဲ့ကြတယ်ဆိုတာ ဘယ်သူမှ မသိခဲ့ကြပေမယ့် ကျုပ်တို့အနေနဲ့ ကိုယ့်ကိုယ်ကိုသိမ်လို့မရပါဘူး။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ နောင်တတရားရပြီး လူကောင်းတွေဖြစ်အောင် ပြန်ပြီးကြိုးစားခဲ့ကြတာပဲမဟုတ်လား'

ဟွဲကိုဖုံးက....

'ကျုပ်တို့ လူကောင်းဘဝရောက်အောင် အစ်ကိုကြီး ရှမ်းလိုက ဦးဆောင်လမ်းပြခဲ့တာပဲမဟုတ်လား'

ဇေဒါက....

'အစ်ကိုကြီးရှမ်းလိုရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ရှောင်ကောင်းကိုရော ဘယ်လိုသဘောရလဲ၊ အစ်ကိုကြီးရှမ်းလိုနဲ့များ ပတ်သက်နေသလားဗျ'

ဟွာကိုဖုံးက....

'အင်း....ရွှေခင်ကောင်းရဲ့ ပြောပုံအရဆိုရင် အစ်ကိုကြီး ရှမ်းလိုနဲ့ပတ်သက်နေသလိုပဲ၊ ဘာပဲဖြစ်ဖြစ် သည်ကနေ့ည ကျုပ်တို့ ဖော်ထုတ်နိုင်မှာပေါ့'

ဗေဒါက....

'တကယ်လို့ ရွှေခင်ကောင်းဟာ အစ်ကိုကြီး ရှမ်းလိုနဲ့ ပတ်သက်နေတယ်ဆိုရင်ရော'

ဟွာကိုဖုံးက....

'ကျုပ်တို့ရဲ့ ဘဝမှန် ပေါ်ပေါက်သွားမယ်ဆိုရင် သိုင်းလောကသားတွေက ကျုပ်တို့အပေါ် ဘယ်လိုသဘောထားကြမယ်ဆိုတာ အရင်ဆုံးစဉ်းစားကြရလိမ့်မယ်'

ဗေဒါ သက်ပြင်းချလိုက်သည်။

'ကျုပ်တို့ရဲ့ဘဝမှန်ပေါ်ပေါက်သွားမယ်ဆိုရင် သိုင်းလောကသားတွေက ကျုပ်တို့ကိုခွင့်လွှတ်ကြမှာ မဟုတ်ဘူး၊ ဒါ သေသေချာချာပဲ'

'ဒါဖြင့်....'

ဗေဒါက ကောင်းကင်ပေါ်မှ လမင်းကို မော့ကြည့်လိုက်သည်။

'တစ်နေ့မှာ ခုလိုအဖြစ်မျိုး ပေါ်ပေါက်လာလိမ့်မယ်လို့ ကျုပ်မမျှော်လင့်ခဲ့တာအမှန်ပဲ၊ ကျုပ်တို့ အားလုံးအတွက် အေးချမ်းသာယာသွားပြီလို့ ထင်မှတ်ခဲ့တာ'

ဟွာကိုဖုံးက...

'ကျုပ်က ရွှေခင်ကောင်းထွက်ပေါ်လာတာကို သတိမ ထားမိဘူး ဆိုနိုင်မလား'

ပေဒါက ဟွာကိုဖုံးအား လှမ်းကြည့်လိုက်ပြီး...

'ခင်ဗျားက ရွှေခင်ကောင်းကို သဘောကျသွား မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဟွာကိုဖုံးက...

'ဟုတ်တယ်'

ပေဒါ သက်ပြင်းချလိုက်လေသည်။

ဟွာကိုဖုံးက ဆက်ပြောလိုက်သည်။

'ကျုပ်က အသက်ကြီးပါပြီ၊ သိုင်းလောကမှာတစ်သက်လုံး နာမည်ကောင်းနဲ့ နေလာခဲ့တာ ခုချိန်မှာ နာမည်ပျက်ရမယ့် သူတစ်ပါး တစ်ခုတွင်းနက်ထဲ ပက်လက်မမျှောရမယ့် အဖြစ်မျိုး ကယ်တို့လှုပ် အဖြစ်ခံနိုင်တော့မှာလဲဗျာ'

ဗေဒါက....

'ဒါဆိုရင်'

'ကျုပ်တို့အကြောင်းတွေ ဖော်ထုတ်ဖို့ ကြိုးစားနေတဲ့ ရှောင်ကောင်းကို နှုတ်ပိတ်လိုက်ကြတာပေါ့'

'ဟင်....'

ဗေဒါ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ရှောင်ကောင်းဟာ သိုင်းလောကထဲအကြောင်း ဘာမှ မသိတဲ့ လူငယ်လေး တစ်ယောက်ပါ၊ ကျုပ်တို့ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေ ပေါ်ပေါက်သွားမှာကို စိုးရိမ်ပြီး သူ့ကို နှုတ်ပိတ်ပစ်ရမယ်ဆိုတာ....'

ဟွာကိုဖုံးက....

'သူ့ကို လွှတ်ပေးလိုက်တာနဲ့ ကျုပ်တို့ ဒုက္ခရောက်ရမယ်ဆိုတာတော့ မတွေးမိဘူးလား၊'

ဗေဒါက....

'ကျုပ် တွေးမိပါတယ်၊ ကျုပ်ရဲ့အပြစ်ကို ခံယူသွားမယ်လို့လဲ ဆုံးဖြတ်ထားပါတယ်'

'ဘာဗျ'

ဟွာကိုဖုံး မကျေမနပ်ဖြစ်သွားလေသည်။

ဇေဒါက...

'ကျုပ်တို့ဟာ မကောင်းတဲ့ လုပ်ရပ်တွေကိုရော၊ ဘိုက်ကျားကျွမ်းကိုပါ ကျော်နိုင်းဖွင့်လှစ်ခဲ့တာ ကြာပါပြီ၊ ကျုပ်တို့ လူကောင်းဘဝကို ခံယူထားခဲ့ပြီးပါပြီ၊ တစ်ချိန်က မကောင်းမှုတွေအတွက် ပြန်ပြီး ပေးဆပ်ဖို့ ဝန်ခံလာရမှာ မလိုဘူးလို့ ကျုပ်ထင်ပါတယ်'

ဟွာကိုဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်ကတော့ အေးချမ်းသာယာနေတဲ့ဘဝ ပျက်ဆီးသွားမှာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး'

ဇေဒါက....

'ကျုပ်တို့ကြောင့် တခြားလူတွေရဲ့ အေးချမ်းတဲ့ဘဝလေးတွေ ပျက်စီးသွားခဲ့ကြရတာရော ခင်ဗျား ဘယ်လိုမြင်မလဲ'

ထိုစကားကြောင့် ဟွာကိုဖုံး မကျေမနပ်ဖြစ်သွားလေ၏။

ဇေဒါကို မျက်လုံးပြူးထား ကြည့်လိုက်ပြီး....

'ခင်ဗျားနဲ့ ကျုပ်ဟာ သိုင်းလောကမှာ အတူလက်တွဲပြီး ကျင်လည်ကျက်စားခဲ့ကြတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ သွေးသောက်မိတ်ဆွေရင်းချာတွေလဲ ဖြစ်ခဲ့ကြပါတယ်၊ ဒါ တောင်မှ ခင်ဗျားဟာ ဘာမဟုတ်တဲ့ ရွှေခေါင်းဆိုတဲ့ ကောင်လေးဘက်က ရပ်တည်နေချင်သေးသလားဗျာ'

ဟု ပြောလိုက်လေသည်၊

ဗေဒါက....

'ကျုပ်က ရွှေခေါင်းဘက်က ရပ်တည်နေတာ မဟုတ်ဘူး'

'ဘာဗျ'

'ကျုပ်က အမှန်တရားဘက်က ရပ်တည်မယ်လို့ ဆုံးဖြတ်လိုက်တာပေါ့'

ဟုဆိုကာ၊ ခေါင်းခါယမ်းလိုက်လေသည်၊

'ကျုပ်ကတော့ ဒါကို အမှန်တရားလို့ လက်မခံနိုင်ဘူး'

'ခင်ဗျာ'

'ကျုပ်တို့နှစ်ယောက် ခုလို သဘောထားချင်း ကွဲလွဲသွားမယ်လို့ မထင်မိဘူး'

ဗေဒါက....

'ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား'

'ဝမ်းနည်းပါတယ်ဗျာ'

ဗေဒါက....

'ကောင်းပြီလေ၊ ကျုပ်ကလဲ အလျှော့မပေးနိုင်ဘူး၊ ဆို တော့...'

ဟွာက်ပိုးတာ....

'ဒါဆို ခင်ဗျား သတိသာထားပေတော့'

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ကိုယ့်အချင်းချင်း၊ ဘာကြောင့်များ စိတ်ဝမ်းကွဲနေကြရတာပေါ့ဗျ'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ဖေဝဒါတို့ လှမ်းကြည့်လိုက်ကြသောအခါ လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

သချိုင်းမြေထဲသို့ လူအနည်းငယ်ကို ရောက်ရှိလာသည်။

ရှေ့ဆင်နောက်ဆင်တော့ မဟုတ်ပါ။

ရောက်လာသူမှာ ရွှေလှိုင်ကြီးချုပ် ကော့စွာကျင်း ဖြစ်နေပါသည်။

ကော့စွာကျင်းက....

